# အခန်း(၅) နယ်ပယ်အလိုက်သင်ယူမှုလုပ်ငန်းများ

**အခန်းရည်ရွယ်ချက်**

သင်ယူဖွံ့ဖြိုးမှုနယ်ပယ်ခြောက်ခုကိုသိရှိပြီး နယ်ပယ်တစ်ခုချင်းအလိုက် သင်ယူမှုလုပ်ငန်းများကို လက်တွေ့အသုံးပြုသည်။

**အခန်း(၅)တွင် လေ့လာသင်ယူရမည့်အကြောင်းအရာများ**

နယ်ပယ်အလိုက် သင်ယူမှုလုပ်ငန်းများ

- ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ချမ်းသာခြင်းနယ်ပယ်အတွက်သင်ယူမှုလုပ်ငန်းများ
- စာရိတ္တ၊ မိတ္တနှင့် စိတ်လှုပ်ရှားမှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ခြင်းနယ်ပယ်အတွက် သင်ယူမှုလုပ်ငန်းများ
- အပြန်အလှန် ပြောဆိုဆက်သွယ်ခြင်း နယ်ပယ်အတွက်သင်ယူမှုလုပ်ငန်းများ
- သင်္ချာဆိုင်ရာအခြေခံများကို စူးစမ်းလေ့လာခြင်း နယ်ပယ်အတွက်သင်ယူမှုလုပ်ငန်းများ
- အနုပညာရသခံစားခြင်းနှင့်ဖန်တီးခြင်း နယ်ပယ်အတွက်သင်ယူမှုလုပ်ငန်းများ
- ပတ်ဝန်းကျင်လောကကိုသိရှိနားလည်ခြင်း နယ်ပယ်အတွက်သင်ယူမှုလုပ်ငန်းများ

**အခန်း(၅)ကို လေ့လာသင်ယူပြီးနောက်**

သူငယ်တန်းကလေးများအား ထက်သန်တက်ကြွသော သင်ယူမှုပိုမိုဖြစ်ထွန်းလာစေရန်အတွက် ပံ့ပိုးကူညီပေးနိုင်မည်။

## နယ်ပယ်အလိုက်သင်ယူမှုလုပ်ငန်း

**စဉ်းစားပါ။**

- နယ်ပယ်အလိုက် သင်ယူမှုလုပ်ငန်းဆိုတာကို ကြားဖူးပါသလား။
- နယ်ပယ်အလိုက် သင်ယူမှုလုပ်ငန်းဆိုတာဘာလဲ။

**ဖတ်ပါ။**

သူငယ်တန်းသင်ရိုးညွှန်းတမ်းသစ်သည် **'အသက်(၅)နှစ် ပြည့်ပြီးကလေးများအတွက် ဘက်စုံဖွံ့ဖြိုးမှုနှင့် သင့်လျော်သောနည်းလမ်းများကိုအသုံးပြုပြီး ပြုစုပျိုးထောင်ပေးသည့် ပညာရေးဖြစ်သည်'** သင်ရိုးညွှန်းတမ်းသစ်တွင် ဘာသာရပ်နယ်ပယ် ခွဲခြားခြင်းမရှိဘဲ သင်ယူဖွံ့ဖြိုးမှု နယ်ပယ်ခြောက်ခုဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ အဆိုပါနယ်ပယ်ခြောက်ခုမှာ–

(က) ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာခြင်း

(ခ) စာရိတ္တ၊ မိတ္တနှင့်စိတ်လှုပ်ရှားမှုဆိုင်ရာဖွံ့ဖြိုးတိုးတက်ခြင်း

DBE Box

(ဂ) အပြန်အလှန်ပြောဆိုဆက်သွယ်ခြင်း
(ဃ) သင်္ချာအခြေခံများကိုစူးစမ်းလေ့လာခြင်း
(င) အနုပညာရသခံစားခြင်းနှင့်ဖန်တီးခြင်း
(စ) ပတ်ဝန်းကျင်လောကကိုသိရှိနားလည်ခြင်း တို့ပင်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဆရာ၊ဆရာမများအနေဖြင့် သူငယ်တန်းစာသင်နှစ်အတွင်းတွင် အထက်ပါ နယ်ပယ်တစ်ခုချင်းအလိုက်စီစဉ်ထားသော သင်ယူမှုလုပ်ငန်းများကို ကလေးများအတွက် လုပ်ဆောင်ပေးရပါမည်။ သူငယ်တန်းကလေးများသည် နေ့စဉ်သင်ယူမှုလုပ်ငန်း(၃)မျိုးဖြစ်သော ပုံမှန်လုပ်ငန်းများ၊ ကစားခြင်းနှင့် ဆရာစနစ်တကျပြင်ဆင်ထားသည့်သင်ယူမှုလုပ်ငန်းများကို လုပ်ဆောင်ကြရမည်ဖြစ်ပြီး ထိုလုပ်ငန်း (၃)မျိုးကို သင်ယူမှုနယ်ပယ် (၆)ခုလုံးတွင် ဟန်ချက်ညီညီ ပေါင်းစပ်ထည့်သွင်းထားပါသည်။

## အပိုင်း ၁။ ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာခြင်း

**စဉ်းစားပါ။**

- ကိုယ်စိတ် နှစ်ဖြာကျန်းမာချမ်းသာခြင်းကိုမည်သို့နားလည်ပါသလဲ။
- ဒီနယ်ပယ်မှာကလေးများအတွက်ဘယ်လိုလုပ်ငန်းတွေလုပ်ပေးရမလဲ။

**ဖတ်ပါ။**

### ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာခြင်း

ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာခြင်းနယ်ပယ်တွင်အောက်ပါလုပ်ငန်းများပါဝင်ပါသည်–

- **ကျန်းမာသန့်ရှင်းခြင်းဆိုင်ရာလုပ်ငန်းများ။** အာဟာရပြည့်ဝစွာစားသုံးခြင်း၊ သန့်ရှင်းစွာစားသောက်ခြင်း၊ ကိုယ်ခန္ဓာ သန့်ရှင်းရေး၊ လက်ဆေးခြင်း၊ အိမ်သာကို စနစ်တကျသုံးခြင်းနှင့် စာသင်ခန်းပတ်ဝန်းကျင် သန့်ရှင်းရေး ဆောင်ရွက်ခြင်းလုပ်ငန်းများ ပါဝင်ပါသည်။
- **လုံခြုံစိတ်ချရမှုနှင့်စိတ်ခံစားမှုကြံ့ခိုင်မှုဆိုင်ရာလုပ်ငန်းများ။** မိမိ၏ အိမ်၊ ကျောင်းနှင့် ပတ်ဝန်းကျင်တို့တွင် အန္တရာယ်မဖြစ်အောင် မည်သို့နေထိုင်ရမည်ကို သင်ယူကြရမည်။ ကစားရာတွင်လည်းကောင်း၊ သင်ယူမှုလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း၊ အများနှင့်အတူလုပ်ကိုင်သည့်အခါတွင်လည်းကောင်း လိုက်နာရမည့်စည်းကမ်းများကို သင်ယူကြရမည်။ ရပ်ရွာအတွင်း အန္တရာယ်ကင်းရှင်းရေး အချက်ပြသင်္ကေတများကိုလည်း သင်ယူကြရမည်။ မီး၊ လျှပ်စစ်မီးခလုတ်၊ ချွန်ထက်သောအရာများ မကစားမိစေရန် သတိပြုရမည်။
- **ခန္ဓာကိုယ်ဖွံ့ဖြိုးမှုဆိုင်ရာလုပ်ငန်းများ။** ကြွက်သားငယ်များအသုံးပြုရသည့်လုပ်ငန်းများတွင်လည်းကောင်း၊ လက်ကောက်ဝတ် လက်ချောင်းများကို အသုံးပြုလုပ်ဆောင်ရသည့်ပုံဆွဲခြင်း၊ စာရေးခြင်း၊ တီထွင်ဖန်တီးသည့်လုပ်ငန်းများ လုပ်ဆောင်နိုင်သည်။ ထို့အပြင် ရေးခြစ်ခြင်း၊ ပုံဆွဲခြင်း၊ ဆေးရောင်ခြယ်ခြင်း၊ ဖြတ်ညှပ်ကပ်ခြင်း၊ ရက်လုပ်ခြင်းလုပ်ငန်းများနှင့် ကြိုးသီခြင်း၊ စက္ကူရုပ်ခေါက်ခြင်း စသည့် လုပ်ငန်းများပါဝင်ပါသည်။

DBE BOX

ကြွက်သားကြီးများကိုအသုံးပြုရသည့် ကာယလှုပ်ရှားမှုများတွင် ရွေ့လျားခြင်းနှင့်ဆိုင်သည့် ကျွမ်းကျင်မှုများ၊ မရွေ့လျားပဲလှုပ်ရှားရသည့် ကျွမ်းကျင်မှုများကို ရရှိစေနိုင်သည်။ တွားသွားခြင်း၊ လမ်းလျှောက်ခြင်း၊ ပြေးခြင်း၊ လျှာတိုက်ခြင်း၊ ခုန်ခြင်းနှင့် ဟန်ချက်ညီထိန်းခြင်း၊ ကွေးခြင်း၊ ဆန့်ခြင်း၊ လှည့်ခြင်း၊ ဖမ်းခြင်း၊ ပစ်ခြင်း၊ ရိုက်ခြင်း၊ ကန်ခြင်းစသောလုပ်ငန်းများ ပါဝင်ပါသည်။



## အကြံပြုချက်။

ဤကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာခြင်းနယ်ပယ်နှင့်သက်ဆိုင်သည့် ကလေးများ၏ သင်ယူမှုနှင့် ဖွံ့ဖြိုးမှုတို့မှာ စနစ်တကျသင်ခန်းစာများသတ်မှတ်သင်ယူခြင်းထက် ကလေးများ နေ့စဉ်လုပ်ကိုင်ရသည့် ပုံမှန်လုပ်ငန်းများကို လုပ်ကိုင်ရင်းဖြင့်သင်ယူသွားနိုင်ပါသည်။ ခန္ဓာကိုယ်ဖွံ့ဖြိုးမှုဆိုင်ရာ လုပ်ငန်းများကို လုပ်ဆောင်သည့်အခါ ဆရာက ရှင်းလင်းသော ညွှန်ကြားချက်များပေးပြီး လက်တွေ့သရုပ်ပြရပါမည်။ အပြုသဘောတုန့်ပြန်မှုနှင့် အားပေးပြီးလေ့ကျင့်ရန် အခွင့်အလမ်းများပေးရပါမည်။ မိမိကိုယ်ကို ဘေးကင်းအောင် နေထိုင်တတ်ပြီး အခက်အခဲရှိသည့်အခါ ကျော်လွှားနိုင်သည့်ကလေးများသည် စိတ်ဓာတ်ကြံ့ခိုင်သည့် ကလေးများ ဖြစ်လာနိုင်ပါသည်။



## ပြန်လည်အသုံးချခြင်းလုပ်ငန်း။

- ကလေးများ အာဟာရပြည့်ဝစွာစားသုံးရေးအတွက် အစာအုပ်စု (၃)မျိုး ပါ/မပါကိုစစ်ဆေးပြီး နေ့စဉ်မှတ်တမ်းရေးပါ။
- တစ်ကိုယ်ရည်သန့်ရှင်းခြင်းဆိုင်ရာ အလေ့အကျင့်ကောင်းများရရှိစေရန် ကလေးများကို လုပ်ဆောင်ပေးသည့်မှတ်တမ်းများရေးပါ။
- ကလေးများခန္ဓာကိုယ်ဖွံ့ဖြိုးမှုအတွက် လုပ်ဆောင်ပေးသည့် ကျောင်းကျန်းမာရေးလုပ်ငန်းများဖြစ်သော အရပ်တိုင်းခြင်း၊ ပေါင်ချိန်ခြင်း လုပ်ငန်းများကို မှတ်တမ်းရေးပါ။

ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာခြင်းနယ်ပယ်အတွက် အောက်ဖော်ပြပါ နမူနာသင်ပြမှု ပုံစံများကို ကြည့်ရှုလေ့လာနိုင်ပါသည်-

### သင်ပြမှုပုံစံ(၁)

| | |
|---|---|
| အကြောင်းအရာ။ | မိမိအကြောင်း |
| သင်ချိန်။ | (၃၀ မိနစ်) |
| အသေးစိတ်သင်ယူမှုရလဒ်။ | မိမိနှစ်သက်သော အစားအစာများမှ စားသင့်သော အစားအစာနှင့် မစားသင့်သော အစားအစာများကို ခွဲခြားတတ်ရန် |
| လုပ်ငန်းစဉ်။ | စားသင့်သော/ မစားသင့်သော အစားအစာများခွဲခြားခြင်း(၃၀ မိနစ်)<br>ကလေးများအား မိမိကြိုက်နှစ်သက်သော အစားအစာများကို ပြောပါစေ။ ကလေးများပြောသမျှကိုသင်ပုန်းပေါ်တွင်ရေးပါ။ ဖြစ်နိုင်လျှင် သင်ပုန်းပေါ်တွင် ပုံဆွဲ၍ထားပါ။ ထိုအစားအစာများထဲမှ စားသင့်သော အစားအစာနှင့် မစားသင့်သော အစားအစာ |



DRE BOX

များကို ကစားခြင်းနည်းဖြင့် ခွဲခြားမည်။
နံရံတွင် စားသင့်သည်(✓) မစားသင့်ပါ(✗) သင်္ကေတများကို ရေး၍ကပ်ထားပါ။
ဆရာက သင်ပုန်းပေါ်တွင်ရေးထားသော အစားအစာ အမည်တစ်ခုခုကို ရွတ်ဆိုပါက ကလေးများ စားသင့်သည့်နေရာ သို့မဟုတ် မစားသင့်သည့် နေရာတွင် ရပ်ပါစေ။

ဥပမာ – အရောင်ဆိုးထားသော ဆီးထုပ်များကိုစားမည်။
– မနေ့က ပြုတ်ထားသော ပြောင်းဖူးကိုစားမည်။
– အဖုံးအုပ်ထားသော မုန့်ကိုစားမည်။
– ယင်နားသော အစားအစာများကို စားမည်။
– ပူပူနွေးနွေးအစာများကို စားမည်။ စသည်ဖြင့်လည်း ဆရာက ပြောပြပြီး ကလေးများကို စားသင့်/မစားသင့် ခွဲခြားခိုင်းနိုင်ပါသည်။

ထို့နောက် ဆရာက ကလေးများ မစားသင့်သည့် အစားအစာများကို ပြန်၍ပြောပြပါ။ ဘာကြောင့် မစားသင့်ကြောင်း ဆရာကရှင်းပြပါ။

## သင်ပြမှုပုံစံ(၂)

အကြောင်းအရာ။ တို့ရပ်ရွာ
သင်ချိန်။ (၃၀ မိနစ်)
အသေးစိတ်သင်ယူမှုရလဒ်။ မိမိတို့ရပ်ရွာဒေသရှိ အန္တရာယ်ကင်းရှင်းရေး အချက်ပြ သင်္ကေတများ၏ အဓိပ္ပာယ်ကို ပြောပြတတ်ရန်။
လုပ်ငန်းစဉ်။ သင်္ကေတပုံပြ၍အဓိပ္ပာယ်ဖော်ခြင်း (၃၀ မိနစ်)
အန္တရာယ်ရှိ အမှတ်အသားပုံနှင့် စာတန်းများပုံတစ်ခုချင်းစီကိုပြ၍ အဓိပ္ပာယ်ကို မေးပါ။ (ဥပမာ–ဒီသင်္ကေတ အမှတ်အသားကိုမြင်ဖူးလား၊ ဘာတွေလဲ၊ ဘယ်နေရာမှာမြင်ဖူးလဲ၊အဲဒီသင်္ကေတအဓိပ္ပာယ်ကဘာလဲ။)
ကလေးများ မဖြေနိုင်ပါက ဆရာက သင်္ကေတ၏အဓိပ္ပာယ်ကို ပြောပြပါ။
(အောက်ပါသင်္ကေတများမှာ နမူနာပုံသာဖြစ်ပါသည်။ မိမိတို့ သက်ဆိုင် ရာဒေသရှိ အမှတ်သင်္ကေတများကို ဆီလျော်စွာအသုံးပြုရန် အကြံပြုပါသည်။)
– ရပ်ရွာမှာဘယ်လိုအန္တရာယ်တွေရှိနိုင်သေးလဲ။ ဒီအန္တရာယ်ကို ကာကွယ်ဖို့ ဘယ်လိုပုံတွေဆွဲပြီးအသိပေးမလဲဟုမေး၍ကလေး များအားပုံဆွဲပါစေ။
– ကလေးများအား မိမိဆွဲထားသော သင်္ကေတပုံအကြောင်းကို အတန်းသို့ ပြောပါစေ။

## အပိုင်း ၂။ စာရိတ္တ၊မိတ္တနှင့်စိတ်လှုပ်ရှားမှုဆိုင်ရာဖွံ့ဖြိုးခြင်း

**စဉ်းစားပါ။**

- ➢ စာရိတ္တ၊ မိတ္တနှင့် စိတ်လှုပ်ရှားမှုဆိုင်ရာနယ်ပယ်ကို မည်သို့နားလည်ပါသလဲ။
- ➢ သူငယ်တန်းကလေးများအတွက် ဘာကြောင့်ဒီနယ်ပယ်ကို ထည့်သွင်းရပါသလဲ။
- ➢ ဒီနယ်ပယ်မှာ ကလေးများအတွက် ဘယ်လိုလုပ်ငန်းတွေ လုပ်ပေးရမလဲ။

**ဖတ်ပါ။**

### စာရိတ္တ၊ မိတ္တနှင့် စိတ်လှုပ်ရှားမှုဆိုင်ရာဖွံ့ဖြိုးခြင်း

စာရိတ္တ၊ မိတ္တနှင့် စိတ်လှုပ်ရှားမှုဆိုင်ရာနယ်ပယ်တွင် အောက်ပါလုပ်ငန်းများပါဝင်ပါသည်-

- မိမိကိုယ်ကိုသိရှိခြင်းနှင့်ထိန်းသိမ်းခြင်း
- မိမိ၏လူမှုအသိုင်းအဝိုင်းကိုသိရှိခြင်း
- အများနှင့်ပေါင်းသင်းဆက်ဆံခြင်း
- တာဝန်ယူဆုံးဖြတ်လုပ်ဆောင်နိုင်ခြင်း စသည့်လုပ်ငန်းများပါဝင်ပါသည်။

**မိမိကိုယ်ကိုသိရှိခြင်းနှင့်ထိန်းသိမ်းခြင်း။** ကလေးများလုပ်ဆောင်ရာတွင် မိမိအားသာချက်ကို မိမိကိုယ်တိုင် သတိထားမိသော ကလေးများသည် မိမိကိုယ်ကို အကောင်းမြင်တတ်ပြီး တန်ဘိုးထားတတ်သည်။ အကောင်း၊ အဆိုးကိုလည်း ခွဲခြားနိုင်သည်။ မိမိခံစားရသည်ကိုသိပြီး အခြားသူသိအောင်လည်း ပြောနိုင်သည်။ အရာရာကို မိမိအမြင်ဖြင့်သာကြည့်တတ်ပြီး အခြားသူများ၏ သဘောထား၊ ထင်မြင်ချက်၊ ခံစားချက်များကို ထည့်သွင်းမစဉ်းစားဘဲ ပြောဆိုလုပ်ကိုင်တတ်ကြသည်။ ကလေးများကို အခြားသူ၏ ခံစားချက်နှင့် သဘောထားများကို သတိပြုမိစေသည်။ မိမိကိုယ်ကို ထိန်းသိမ်းနိုင်စွမ်းရရှိအောင်လည်း အကူအညီပေးရမည်။ မိမိကိုယ်ကို သိရှိခြင်းနှင့်ထိန်းသိမ်းခြင်းကို ကလေးများရရှိစေရန်အတွက် အောက်ပါ လုပ်ငန်းများကို ဆရာ၊ ဆရာမများက လုပ်ဆောင်ပေးရပါမည်-

- မိမိကိုယ်ကိုမိမိ သတိထားမိ စေရန်အတွက် မည်သည့်အရာကို နှစ်သက်သည်။ မည်သည့်အရာကို မနှစ်သက်ကြောင်း သတိထားမိစေရန် (ဥပမာ- အနှစ်သက်ဆုံး ကစားစရာ သို့မဟုတ် စားစရာကို ပုံဆွဲခိုင်းခြင်း။ မနှစ်သက်သော အစားအစာ သို့မဟုတ် ကစားစရာတို့ကို ၂ ယောက်တစ်တွဲ ပြောခိုင်းခြင်းစသည့် လုပ်ငန်းများ လုပ်ပေးရပါမည်။)
- မိမိကိုယ်ကို ထိန်းချုပ်နိုင်ပြီး သူတစ်ပါးကို ကိုယ်ချင်းစာစိတ်ရှိ စေရန်အတွက် ကိုယ်ချင်းစာနာစိတ်ရှိသော အကြောင်းအရာများပါဝင်သော ပုံပြင်များ ပြောပြခြင်းနှင့် မိမိ၏ ခံစားချက်များကို တစ်ပါးသူအား ပြောပြနိုင်ခြင်းစသော လုပ်ငန်းများကို ဆရာများအနေဖြင့် လုပ်ဆောင်ပေးရပါမည်။

**မိမိ၏လူမှုအသိုင်းအဝိုင်းကိုသိရှိခြင်း။** ကလေးများကို မိမိနေထိုင်ကြီးပြင်းရာ မိသားစု၊ ရပ်ရွာမှသည် မိမိနိုင်ငံအထိ သိအောင်ပြုလုပ်ပေးရမည်။ လူများ၏ တူညီမှု/မတူညီမှုများကို ခွဲခြားသိမြင်နိုင်အောင်

DBE BOX

ဆောင်ရွက်ပေးရမည်။ မိမိလူမှုအသိုင်းအဝိုင်းကိုသိသော ကလေးများသည် အခြားသူများ၏ ခံစားချက်၊ ထင်မြင်ချက်များကို သတိထားမိပြီး မတူကွဲပြားခြင်းများကို လက်ခံတတ်မည်။ တန်ဘိုးထား လေးစားတတ်မည်။ မိမိ၏လူမှုအသိုင်းအဝိုင်းကိုသိရှိခြင်းကို ရရှိစေရန်အတွက် အောက်ပါလုပ်ငန်းများကို ဆရာ၊ဆရာမများက လုပ်ဆောင်ပေးရပါမည်−

- မိမိ၏မိသားစုအတွင်း အထူးတလည်ကျင်းပသည့်ပွဲတော်များတွင် ပါဝင်စေခြင်း (ဥပမာ− မွေးနေ့ပွဲ၊ ရိုးရာပွဲတော်များ)
- မိမိနေထိုင်သော နိုင်ငံအကြောင်းကို သိစေရန်အတွက် နိုင်ငံတော်အလံကို အလေးပြုခြင်း၊ နိုင်ငံတော်သီချင်းကို သီဆိုခြင်းတို့ကို လုပ်ဆောင်ရပါမည်။
- မိမိပတ်ဝန်းကျင်ရှိ မိမိနေထိုင်ရာရပ်ရွာကို လေ့လာပြီး ရပ်ရွာအကြောင်းကို ပြန်လည် ပြောပြခြင်းနှင့် ရပ်ရွာအတွင်း ကျင်းပသောပွဲတော်များမှာပါဝင်စေခြင်း (ဥပမာ−ဝါဆိုပွဲများ၊ ကထိန်ပွဲများ)တို့တွင် ပါဝင်စေခြင်းဖြင့် ကလေးများ မိမတို့၏ လူမှုအသိုင်းအဝိုင်းကို သိရှိနိုင်ပါသည်။

**အများနှင့်ပေါင်းသင်းဆက်ဆံခြင်း။** ကလေးများသည် အများနှင့်ပူးပေါင်းလုပ်ဆောင်ခြင်းဖြင့် လူမှုရေးကျွမ်းကျင်မှုများ ဖွံ့ဖြိုးလာသည်။ အခြားသူများနှင့်အတူ အောင်မြင်စွာလုပ်ကိုင်ရင်းဖြင့် လူမှုဆက်ဆံရေးအလေ့အကျင့်များဖြစ်သည့် အလှည့်စောင့်ရခြင်း၊ အခြားသူများကို နားထောင်ပေးရခြင်း စသော လူမှုဆက်ဆံရေး အလေ့အထများ ဖွံ့ဖြိုးလာသည်။ အများနှင့်ပေါင်းသင်း ဆက်ဆံခြင်းကို ကလေးများရရှိနိုင်ရန်အတွက် အောက်ပါလုပ်ငန်းများကို ဆရာ၊ဆရာမများက လုပ်ဆောင်ပေးရပါမည်−

- အများနှင့်စုပေါင်းကစားရသော ကစားနည်းများကို ကစားစေခြင်း(ဥပမာ− ရွှေစွန်ညို ကစားနည်း)
- ကစားသည့်အခါ အများနှင့်အတူလုပ်ကိုင်ရသည့်အခါ လိုက်နာရမည့် စည်းကမ်းများကို သိရှိလာခြင်း၊ အလှည့်စောင့်ရခြင်း၊ အများပြောသည်ကို လက်ခံနားထောင်ရခြင်း စသည်တို့ကိုသိရှိလာပြီး အများနှင့်ပေါင်းသင်းဆက်ဆံတတ်အောင် အုပ်စု လုပ်ငန်းများကို ဆောင်ရွက်ပေးရပါမည်။

**တာဝန်ယူဆုံးဖြတ်လုပ်ဆောင်နိုင်ခြင်း။** ကလေးများကို တဖြည်းဖြည်း မိမိကိုယ်ကို တာဝန်ယူမှု နှင့် မိမိလုပ်ဆောင်ချက်အပေါ် တာဝန်ယူမှု ဖွံ့ဖြိုးလာအောင်သင်ပေးရန်လိုအပ်သည်။ မိမိတို့ကိုယ်တိုင် မှီခိုကင်းစွာလုပ်ကိုင်နိုင်လျှင် ဆုံးဖြတ်ချက်ချခြင်းနှင့်ပတ်သက်သည့် ကျွမ်းကျင်မှုတိုးတက်လာမည်။ ပြဿနာများကို ဖြေရှင်းနိုင်မည့်နည်းလမ်းအမျိုးမျိုးရှာဖွေရန် အခွင့်အလမ်း များကို ဖန်တီးပေးရမည်။ အထက်တွင်ဖော်ပြခဲ့သော နယ်ပယ်များအလိုက် အသိပညာ၊ ကျွမ်းကျင်မှုနှင့် စိတ်နေသဘောထားများ ဖွံ့ဖြိုးလာစေရန် ကလေးများအတွက် လုပ်ငန်းများကို စီစဉ်ပေးခြင်းဖြင့် ကလေးများသည် လူမှုဆက်ဆံရေးကျွမ်းကျင်မှုများ တိုးတက်လာပြီး မတူကွဲပြားမှုများကို ပိုမိုနားလည်လက်ခံကာ တန်ဖိုးထားမည်ဖြစ်သည် တာဝန်ယူဆုံးဖြတ်လုပ်ဆောင်နိုင်ခြင်းကိုကလေးများ ရရှိစေရန်အတွက် အောက်ပါလုပ်ငန်းများကို ဆရာ၊ဆရာမများက လုပ်ဆောင်ပေးရပါမည်−

- ကျောင်းတွင် နေ့စဉ်လုပ်ဆောင်ရသည့် လုပ်ငန်းများဖြစ်သော ကစားစရာများကို ကစားပြီးသည့်အခါ နေရာတကျပြန်သိမ်းခြင်း၊
- ဖိနပ်များကို စနစ်တကျထားခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများတွင် စည်းကမ်းတကျ လုပ်ဆောင်တတ်အောင် ဆရာ၊ဆရာမများအနေဖြင့် ကလေးများကို တိုက်တွန်း အားပေးဆောင်ရွက်သင့်ပါသည်။

DBE BOX

## အကြံပြုချက်။

ဤစာရိတ္တ၊ မိတ္တနှင့် စိတ်လှုပ်ရှားမှုဆိုင်ရာဖွံ့ဖြိုးတိုးတက်ခြင်းနယ်ပယ်တွင် ထည့်သွင်း ထားသည့် သင်ယူမှုလုပ်ငန်းများကို ကလေးများလုပ်ကိုင်ခြင်းဖြင့် မိမိကိုယ်ကိုယ်သိရှိခြင်း၊ မိမိနှင့်အခြားသူများ တူညီမှုမရှိသည်ကိုသိရှိခြင်း၊ လူမှုပတ်ဝန်းကျင်တွင် ကောင်းသောအမူ အကျင့်များ ဖော်ထုတ်နိုင်ခြင်းနှင့် မိမိတို့ယဉ်ကျေးမှုဓလေ့များနှင့် တစ်ခြားသူများ၏ယဉ်ကျေးမှု ဓလေ့များကို လေးစားတန်ဖိုးထားတတ်သည့် အလေ့အကျင့်ကောင်းများကို ရရှိနိုင်သဖြင့် ဤနယ်ပယ်ရှိ သင်ယူမှုလုပ်ငန်းများကို လက်တွေ့လုပ်နိုင်ရန် ဆရာ၊ဆရာမများအနေဖြင့် တွန်းအားပေးသင့်ပါသည်။

## ပြန်လည်အသုံးချခြင်းလုပ်ငန်း။

- ဤနယ်ပယ်မှ မည့်သည့်လုပ်ငန်းများကို ကလေးများနှင့် လက်တွေ့ဆောင်ရွက်ခဲ့ပါသလဲ။
- ကလေးများနှင့် လက်တွေ့မလုပ်နိုင်သည့် လုပ်ငန်းများရှိပါသလား။ ဖော်ပြပါ။
- ကလေးများ အများနှင့်ပူးပေါင်းဆောင်ရွက်တတ်စေရန် စာသင်ခန်းတွင်မည်သည့် လုပ်ငန်း များ လုပ်ခဲ့ပါသလဲ။

ကလေးများကို အများနှင့်ပူးပေါင်းဆောင်ရွက်တတ်အောင်လုပ်ဆောင်ပေးသည့် အလေ့အကျင့် ကောင်းများကို မှတ်တမ်းရေးပါ။

စာရိတ္တ၊ မိတ္တနှင့် စိတ်လှုပ်ရှားမှုဆိုင်ရာဖွံ့ဖြိုးတိုးတက်ခြင်းနယ်ပယ်အတွက် ဖော်ပြပါ နမူနာ သင်ပြမှုပုံစံကို ကြည့်ရှုလေ့လာနိုင်ပါသည်။

### သင်ပြမှုပုံစံ

အကြောင်းအရာ။ တို့မိသားစု

သင်ချိန်။ (၃၀ မိနစ်)

အသေးစိတ်သင်ယူမှုရလဒ်။ မိသားစုဝင်များကို ကူညီပေးနိုင်သော လုပ်ငန်းများ ပြောပြတတ်ရန်။

လုပ်ငန်းစဉ်(၁)။ တို့လည်းလုပ်နိုင်တယ် သီချင်းသီဆိုခြင်း (၁၀ မိနစ်)

တို့လည်းလုပ်နိုင်တယ်

တို့များငယ်သော်လည်း× × × အလုပ်လုပ်တတ်တယ်
ဘယ်အလုပ်မဆိုတို့များ လုပ်တတ်တယ်
(ရေခပ်ပေး)[၂] တတ်တယ်
(ဟင်းရွက်ခြွေ)[၂] တတ်တယ်
(တံမြက်စည်းလှည်း)[၂]တတ်တယ်
တို့များငယ်သော်လည်း× × × အလုပ်လုပ်တတ်တယ်

လုပ်ငန်းစဉ်(၂)။ မိသားစုအား ကူညီပေးနိုင်သောအလုပ်များကိုပြောပြစေခြင်း(၂၀ မိနစ်)
ကဗျာပါ မိသားစုအားကူညီသောအလုပ်များကိုပြောပါစေ။ မိမိတို့ မိသားစုကို ကူညီ ခဲ့ဖူးသောလုပ်ငန်းများကို အလှည့်ကျပြောပါစေ။ ဆက်လက်၍နောက်ထပ် ဘာတွေ

DBE Box

လုပ်ပေးလို့ရသလဲဟုမေးပါ။ (မိသားစုဝင်များ နေမကောင်းချိန်တွင် ကူညီပေးခြင်း၊ မီးဖိုချောင်ကိစ္စ၊ အိမ်သန့်ရှင်းရေးကိစ္စများတွင် ကူညီပေးနိုင်ခြင်းများကိုကလေးများ ပြောနိုင်အောင်ဆရာက လှုံ့ဆော်အားပေးပါ။)

## အပိုင်း ၃။ အပြန်အလှန်ပြောဆိုဆက်သွယ်ခြင်း

**စဉ်းစားပါ။**

- အပြန်အလှန်ပြောဆိုဆက်သွယ်ခြင်းဆိုတာကို ဘယ်လိုနားလည်ပါသလဲ။
- အပြန်အလှန်ပြောဆိုဆက်သွယ်ခြင်းနယ်ပယ်မှာ ဘယ်အကြောင်းအရာများ ပါဝင်မည်ဟု ထင်ပါသလဲ။
- ထိုနယ်ပယ်ကို ကလေးများအတွက် အဘယ်ကြောင့်ထည့်ပေးရသလဲ။
- ထိုနယ်ပယ်တွင် ကလေးများအတွက် ဘယ်လိုသင်ယူမှုလုပ်ငန်းများ ပါဝင်ပါသနည်း။

**ဖတ်ပါ။**

အပြန်အလှန်ပြောဆိုဆက်သွယ်ခြင်းနယ်ပယ်တွင် သူငယ်တန်းကလေးများအတွက် ဘာသာစကား ကျွမ်းကျင်မှုလေးမျိုး အခြေခံခိုင်မာအောင် တည်ဆောက်ပေးသော လုပ်ငန်းများ လုပ်ကိုင်ကြရသည်။ တိုင်းရင်းသားကလေးများအတွက် မိခင်ဘာသာစကားအပြင် မြန်မာနိုင်ငံ၏ ရုံးသုံးဘာသာစကားဖြစ်သော မြန်မာဘာသာစကားကိုစတင်သင်ယူရသည်။

**အပြောဘာသာစကားဖွံ့ဖြိုးမှု**

အနာအကြားနှင့် အပြောအဆို ကျွမ်းကျင်မှုများသည် ကလေးဘဝတွင် ပထမဆုံး သင်ယူတတ်မြောက်သည့် ဘာသာစကားဆိုင်ရာကျွမ်းကျင်မှုဖြစ်ပြီး အရေးကြီးဆုံးနှင့် အသုံးအများဆုံး ဆက်သွယ်ရေးကိရိယာလည်းဖြစ်သည်။ အပြောဘာသာ စကား ဖွံ့ဖြိုးမှုသည် စာရေး၊စာဖတ် သင်ယူတတ်မြောက်ရန် မဖြစ်မနေအခြေခံအဖြစ်ထားရမည့် ကျွမ်းကျင်မှုလည်းဖြစ်သည်။ ကလေးများ အပြောဘာသာစကား ဖွံ့ဖြိုးရန်အတွက် အောက်ဖော်ပြ ပါ လုပ်ငန်း (၅)မျိုးဖြင့် စီစဉ်ဆောင်ရွက်ပေးရမည်–

**အနာအကြား၊အပြောအဆိုကျွမ်းကျင်မှုလုပ်ငန်းများစီစဉ်ပေးခြင်း။** အနာအကြား၊ အပြောအဆို ကျွမ်းကျင်မှုလုပ်ငန်းများစီစဉ်ပေးခြင်းတွင် အပြောဆိုင်ရာ စည်းမျဉ်းများဖြစ်သည့် စကားပြောသည့်အခါ အလှည့်စောင့်ရခြင်း၊ နားထောင်နေရကြောင်း ပြသရခြင်း၊ လေယူလေသိမ်း မျက်နှာ အမူအရာ အစရှိသည်တို့ကို သင်ယူကြရသည်။ နားထောင်ခြင်းတွင် ကလေးများအတွက် တက်ကြွစွာ နားထောင်တတ်သူများဖြစ်အောင် ပြုလုပ်ပေးရမည်။ ပုံပြင်များနှင့် တေးကဗျာများ သင်ကြားသည့်အခါ ဂရုစိုက်နားထောင်ရမည်။ စကားပြောခြင်းတွင် စကားပြောသည့်အခါ ရင်းရင်းနှီးနှီး ပြောသည့်ပုံစံနှင့် ရိုသေလေးစားမှုကိုပြသည့် ပုံစံနှစ်မျိုးလုံးကို နမူနာပြပေးရမည်။ ကလေးများ စကားအပြန်အလှန်ပြောရသည့် အခွင့်အလမ်းများရရှိခြင်း၊ အုပ်စုလုပ်ငန်းများ၊ သရုပ်ဆောင်ကစားခြင်းများ၊



DBE BOX

အတုလုပ်ကစားခြင်းများကို ဖန်တီးပေးရမည်။ စကားပြောရာတွင် လိုက်နာရမည့် စည်းမျဉ်း စည်းကမ်းများကိုလည်း သင်ပေးသင့်ပါသည်။ (ဥပမာ-စကားကိုလုမပြောရ၊ ယဉ်ကျေးသော အသုံးအနှုန်းများသုံးပါ။) ဆရာ၊ဆရာမများသည် ကလေးများနှင့် စကားပြောသည့်အခါ အသုံးများ သည့်စကားလုံးများကို အသုံးပြုပါ။ ဉာဏ်ရည်ကို ဖွံ့ဖြိုးတိုးတက်စေပြီး စိတ်ဝင်စားဖွယ်ဖြစ် စေသည့်အကြောင်းအရာများ ကမ္ဘာကြီးနှင့်ပတ်သက်သော အကြောင်းအရာများကို ကလေးများ ပြောသည့်အခါ နားထောင်တုန့်ပြန်ပါ။

**အပြောစာသားအမျိုးမျိုးနှင့်ထိတွေ့စေခြင်း။** အနာ၊ အကြား၊ အပြော၊ အဆို ကျွမ်းကျင်မှုအတွက် ကလေးများကို အပြောစာသားအမျိုးမျိုးနှင့် ထိတွေ့ခွင့်ရရှိအောင်စီစဉ်ပေးရမည်။ ကလေးများကို ပုံပြင်များ၊အပြန်အလှန်ပြောစကားများ၊ညွှန်ကြားချက်များ၊ရှင်းလင်းချက်များ၊တွေ့ဆုံမေးမြန်းချက် စသည့်အပြောစာသားအမျိုးမျိုးနှင့်ထိတွေ့ခွင့်ရစေရန်အခွင့် အလမ်းများဖန်တီးပေးရမည်။

**ဘာသာစကားသင်ယူမှုပတ်ဝန်းကျင်ဖန်တီးပေးခြင်း။** ကလေးများ၏ ဘာသာစကားဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်စေသည့် သင်ယူမှုပတ်ဝန်းကျင်ကို ဖန်တီးပေးရန်လိုအပ်ပါသည်။ ကလေးများ လေ့လာသင်ယူရန် ကစားစရာများ၊ ကစားရန်နေရာများ၊ စာဖတ်ရန်နေရာများနှင့် ကလေးများ၏ လက်ရာကို စိတ်ဝင်စားဖွယ် ခင်းကျင်းပြသမှုများသည် ကလေးများ၏သင်ယူမှုကို အားပေးသည့် အပြင် ဘာသာစကားဖွံ့ဖြိုးမှုကိုလည်း များစွာအထောက်အကူရစေသည်။ ကလေးများကို အများရှေ့ တွင် စကားပြောစေရန်အားပေးရမည်။ စာသင်ခန်းတွင်းတွင် သန့်ရှင်းရေးနှင့် ပုံမှန်လုပ်ငန်း တာဝန် များကို ခွဲဝေလုပ်ကိုင်စေခြင်းကြောင့် စကားပြောရန်အခွင့်အလမ်းများကို ပိုမိုရရှိနိုင်ပါသည်။

**ဝေါဟာရကြွယ်ဝစေခြင်း။** သူငယ်တန်းကလေးများ ဝေါဟာရကြွယ်ဝစေရန်အတွက် ကျောင်းတွင် နားထောင်ရသည့် ပုံပြင်များ၊ ပါဝင်လုပ်ဆောင်ရသည့်လုပ်ငန်းများနှင့် ကစားခြင်းတို့မှတစ်ဆင့် စကားလုံးအသစ်များကို သင်ယူရရှိပါသည်။ သင်္ချာ၊ သိပ္ပံ၊ ပထဝီဝင် စသည့်ဘာသာရပ် နယ်ပယ် အလိုက် သိထားရမည့် သင်ယူမှုဆိုင်ရာဝေါဟာရများကို အကြောင်းအရာအလိုက် စီစဉ်ထားသည့် သင်ယူမှုလုပ်ငန်းများကို လုပ်ဆောင်ခြင်းဖြင့် ဝေါဟာရကြွယ်ဝစေနိုင်ပါသည်။

**အကြားမှတ်ဉာဏ်မြှင့်တင်ပေးခြင်း။** ကလေးများအတွက် အကြားမှတ်ဉာဏ်ဆိုသည်မှာ နှုတ်ပြော စကားမှတစ်ဆင့် ရရှိသောအချက်အလက်များကိုမှတ်သားပြီး ပြန်လည်ထုတ်ယူအသုံးပြုသည့် ဖြစ်စဉ်ကိုခေါ်သည်။ ကလေးများအကြားမှတ်ဉာဏ် ထက်သန်စေရန်အတွက် တေးကဗျာများ၊ သီချင်းများကို ထပ်ကာထပ်ကာသီဆိုခြင်း၊ နားထောင်ပြီးသည့်ပုံပြင်များ ပြန်ပြောပြစေခြင်း၊ တစ်ပါးသူပြောစကားကို ပြန်ပြောပြစေခြင်း၊ တွေ့ကြုံခဲ့သည့် အဖြစ်အပျက်တစ်ခုကို ပြန်ပြောပြ စေခြင်းနှင့် မှတ်ဉာဏ်ကစားနည်းတို့ကို ပြုလုပ်ပေးခြင်းဖြင့် ကလေးများအကြားမှတ်ဉာဏ်မြှင့်တင် ပေးနိုင်ပါသည်။

## စာရေးစာဖတ်သင်ယူခြင်း

**စာရေးစာဖတ်အစပျိုးသင်ယူခြင်း။** သူငယ်တန်းကလေးများကို စာရေးစာဖတ်ကို ပုံစံတကျ သင်ယူခြင်း မပြုလုပ်သေးပါ။ သို့သော် စာရေး၊ စာဖတ် အစပျိုးသင်ယူခြင်းလုပ်ငန်းများ ကို လုပ်ဆောင်ရမည်ဖြစ်သည်။ ထိုသို့လုပ်ဆောင်ခြင်းဖြင့်ကလေးများတွင် ပုံပြင်များကို နားထောင် လိုသောဆန္ဒမျိုး၊ စာဖတ်ခြင်းကို လိုလားတောင့်တမှု၊ စကားလုံးများနှင့် ကစားရခြင်းကို နှစ်သက် ပျော်ရွှင်မှု၊ သီချင်းများ၊ ကဗျာများနှင့် ကစားရခြင်းကို နှစ်သက်သဘောကျမှုစသည့် အဖိုးတန်



DBE BOX

စိတ်နေသဘောထားများ ဖွံ့ဖြိုးလာမည်။ စာရေးစာဖတ် အစပျိုးသင်ယူခြင်းလုပ်ငန်းများထဲတွင် စကားသံများကို သိနားလည်ခြင်းဆိုင်ရာ လုပ်ငန်း များလုပ်ဆောင်ခြင်း၊ စာအုပ်နှင့်ပုံနှိပ်စာအုပ်များ အကြောင်းကိုသိခြင်း၊ စာအုပ်များဖတ်ခြင်း၊ အက္ခရာစာလုံးများကိုသိခြင်း၊ အက္ခရာစာလုံးသင်္ကေတ ဖတ်ခြင်း၊ စကားလုံးများကိုသိရှိခြင်း၊ စာရေးခြင်းအတွက် အစပျိုးခြင်းများပါဝင်ပါသည်။

**စကားသံများကိုသိနားလည်ခြင်းဆိုင်ရာလုပ်ငန်းများလုပ်ဆောင်ခြင်း။** စကားသံများကို သိနားလည်ခြင်းဆိုင်ရာ လုပ်ငန်းများလုပ်ဆောင်ခြင်းတွင် သူငယ်တန်းကလေးများအတွက် အပြောစကားနှင့် အပြောစကားလုံးများ၏ အသံသဘောကိုနားလည်ရန် ပံ့ပိုးပေးရမည်။ စကားလုံး တစ်လုံးတွင် အသံမည်မျှပါဝင်သည်ကိုသိရှိပြီး အသံနှင့် စကားလုံးသင်္ကေတများကို ယှဉ်တွဲမှတ်မိခြင်းဖြင့် စာရေး၊စာဖတ်တတ်မြောက်မှုကို လျှင်မြန်ချောမွေ့စေပါသည်။

**စာအုပ်နှင့်ပုံနှိပ်စာအုပ်အကြောင်းသိခြင်း။** စာအုပ်နှင့် ပုံနှိပ်စာများအကြောင်းသိခြင်းတွင် ကလေးများအနေဖြင့် စာကောင်းကောင်းဖတ်တတ်သူတစ်ယောက်ဖြစ်ရန်အတွက် စာများ၏သဘော သဘာဝကို ကောင်းစွာသိနားလည်ရန်အရေးကြီးသည်။ ကလေးများနှစ်သက်သည့် စာအုပ်များ ကို ထပ်ကာထပ်ကာဖတ်ခြင်း၊ စာသင်ခန်းတွင်းလုပ်ငန်းများနှင့်ချိတ် ဆက်ပေးသည့် အရေးအသားများ (စာများ)(ဥပမာ-အချိန်စာရင်း၊ တာဝန်ကျစာရင်း၊ စာအုပ်စင်များတွင် စာအုပ်အမည်၊ စာရေးသူ အမည်များ၊ ကျောင်းသားများ အမည်များ စသည့် ကပ်ထားခြင်း)၊ ကစားရန်နေရာများတွင် ချိတ်ဆွဲ/ ကပ်ထားမည့် စာတန်းများ (ဥပမာ-သရုပ်ဆောင်ကစားရန် အမည်များ၊ သင်္ကေတများ၊ စာရင်းများ...စသည့်)

**စာအုပ်များကိုဖတ်ခြင်း။** စာအုပ်များကိုဖတ်ခြင်းတွင် သူငယ်တန်းကလေးများကို စာဖတ်ချင်သော ဆန္ဒဖြစ်ပေါ်စေရန် အားပေးတိုက်တွန်းရမည်။ စာသင်ခန်းတွင်း အပြန်အလှန် ဆွေးနွေးမှုများ၊ စဉ်းစားတွေးခေါ်ရန်အားပေးသည့် အပြန်အလှန်အမေးအဖြေများ၊ အရည်အသွေးရှိ ပုံပြင်စာအုပ်များ ဖတ်ခြင်းတို့သည် ကလေးများကိုအမှန်တကယ် စာဖတ်သူများဖြစ်လာစေမည့် အခွင့်အလမ်းများ ဖြစ်သည်။ ကလေးများ ဝေါဟာရကြွယ်ဝမှုကို တိုးမြှင့်နိုင်ရန်ကူညီရပါမည်။ ကလေးများ ဝေါဟာရကြွယ်ဝမှုသာ တောင်အကြောင်း၊ ပိုးတုံးလုံး၏ဘဝဖြစ်စဉ် စသည့် အကြောင်းအရာများကို ဖတ်ရှုရသည့်အခါ၊ နားထောင်ရသည့်အခါ ကောင်းစွာနားလည်နိုင်မည်ဖြစ်သည်။ ကလေးများ စာဖတ်ခြင်းအတွက် ဆရာ၊ဆရာမများအနေဖြင့် နှစ်သက်ပျော်ရွှင်စရာကောင်းသော ပုံပြင်၊ ကဗျာ တို့ကို ကလေးများရင်းနှီးစေရန် တစ်နေ့လျှင် အနည်းဆုံးနှစ်ကြိမ်ခန့်ဖတ်ပြရမည်။ စာမဖတ်မီ၊ ဖတ်ဆဲနှင့် ဖတ်ပြီးအချိန်များတွင် အထောက်အကူပြုသည့် စကားအပြန်အလှန်ပြောခြင်း သင်ယူမှု လုပ်ငန်းများ လုပ်ဆောင်ပေးရသည်။ ကလေးများနှင့်ဆရာ အတူတကွ စာဖတ်ပါ။ စာအုပ်ကြီးများ သို့မဟုတ် စာလုံးကြီးများဖြင့်ရေးထားသော စာများကို ကလေးများအားဖတ်ပြပါ။ ဖတ်ပြစဉ် စာလုံးများကို ထောက်ပြပါ။

**အက္ခရာစာလုံးများကိုသိခြင်း၊ အက္ခရာသင်္ကေတဖတ်ခြင်းနှင့် စကားလုံးများကိုသိရှိခြင်း။** ကလေးများသည် သူငယ်တန်းတစ်နှစ်ပြီးဆုံးသည့်အခါ ဗျည်းအက္ခရာများ၏ အသံကို ထွက်နိုင်ရပါမည်။ အတွေ့များသည့်စကားလုံးအချို့(ဥပမာ-သူငယ်တန်း၊ ကျား/မ) ကိုလည်း အမြင်စွဲဖြင့် ဖတ်ရှုနိုင် ရမည်။ ကလေးများအတွက် အဓိပ္ပာယ်ရှိသော အက္ခရာစာလုံးများ၏ အမည်များကို တိုက်ရိုက် သင်ကြားပါသည်။ (ဥပမာ- ခင်ခင်နဲ့ ခန့်စည်သူ တို့ရဲ့နာမည်တွေက စတဲ့စာလုံးက အတူတူပဲ။ ဘယ် စာလုံးလဲ သိလား။ ဟုတ်တယ်။ သူတို့နာမည်နှစ်ခုလုံးက ဟောဒီစာလုံး 'ခ'ခွေး နဲ့စတယ်။)

အက္ခရာစာလုံးများကို ခွဲခြားဖော်ထုတ်နိုင်ရေးအတွက် စီစဉ်ထားသော–

- အက္ခရာစာအုပ်(ကကြီး၊ ခခွေးစာအုပ်)
- အက္ခရာ ကတ်ပြားများ
- အက္ခရာ ထွင်းစာလုံးများ
- အက္ခရာကားချပ် စသည့် သင်ထောက်ကူပစ္စည်းများကို အသုံးပြုသင်ကြားနိုင်ပါသည်။

**စာရေးခြင်းအတွက်အစပျိုးပံ့ပိုးခြင်း။** သူငယ်တန်းကလေးများအတွက် ရေးခြစ်ခြင်းနှင့် ရုပ်ပုံဆွဲခြင်းမှုသာဖြစ်သည်။ ရေးခြစ်ရန်စာရွက်များ၊ ခဲတံ၊မင်တံများနှင့် စာအုပ်လုပ်ရန် လိုအပ်သောပစ္စည်းများပံ့ပိုးပေးခြင်းဖြင့် ကလေးများ တစ်နှစ်ပတ်လုံးမိမိကိုယ်တိုင် လွတ်လပ်စွာစာရေးခြင်းဆီသို့ တိုးတက်သွားနိုင်ပါသည်။

သူငယ်တန်းကလေးများကို စာအရေးအသား အစပျိုးသင်ကြားရာတွင် ပထမဦးစွာ ကလေးများ ခဲတံကို မှန်ကန်စွာကိုင်တတ်ရန်အတွက် ခဲတံကိုင်နည်းကဗျာကိုသင်ကြားပြီး ပထမဆုံး လေ့ကျင့်ပေးရမည်။

**ခဲတံကိုင်နည်းကဗျာ**

လက်ညှိုးနဲ့ လက်မ ခဲတံထိပ်ကိုမ
နောက်တစ်ဖက်ကို မလို့တင် ခဲတံကိုင်ဖို့ပြင်
လက်ခလယ်ကိုအောက်မှာထား မှန်မှန်ကိုင်စို့လား။

**အရေးအသားစတင်သင်ကြားခြင်း**

ဆရာ၊ဆရာမများသည် ကလေးများ စာရေးခြင်းကို အစပျိုးလုပ်ဆောင်ပေးသည့် အောက်ပါလုပ်ငန်းများကို အားပေးရပါမည်–

- လွတ်လပ်စွာရေးခြစ်ခြင်း၊ စာလုံးများကျပမ်းစီခြင်း၊ ကိုယ်ပိုင်စိတ်ကူးဖြင့်စာလုံးများကို ရေးစေခြင်း၊
- စာရေးရန်အတွက် ခဲတံ၊ မင်တံ၊ စုတ်တံ၊ ဆေး၊ စာရွက်များထားပေးခြင်း၊
- ကလေးများပြောသည့်စကားကိုဆရာက သင်ပုန်းပေါ်တွင်ရေးပေးခြင်း၊
- စာသင်ခန်းတွင်းလုပ်ငန်းများနှင့်ချိတ်ဆက်ထားသည့် ညွှန်ကြားချက်အတိုများ၊ သင်္ကေတများ၊ ဆိုင်းဘုတ်များကိုစီစဉ်ပေးထားခြင်းတို့ကို ဆရာ၊ဆရာမများက ဆောင်ရွက်ပေးရပါမည်။

ဗျည်းအသံနှင့် အမည်များကို လေ့ကျင့်ပြီးပါက ရေးသားခြင်းအတွေ့အကြုံကို အောက်ပါအဆင့်များအတိုင်း အရေးအသားများကို သင်ပေးရပါမည်–

- ပထမအဆင့်အနေဖြင့် ဆရာက ‘ဝ’ဗျည်းကို လေထဲတွင် လက်ညှိုးဖြင့် အောက်ခြေမှ လက်ယာရစ်ဆွဲရန် ညွှန်ကြားကာ ‘ဝ’ဗျည်းကို ရေးဆွဲပြပြီး ကလေးများကလည်း လေထဲတွင် ‘ဝ’ဗျည်းကို ရေးဆွဲရပါမည်။
- ဒုတိယအဆင့်အနေဖြင့် ‘ဝ’ဗျည်းကို တစ်ဦးနှင့် တစ်ဦး ကျောပေါ်တွင် အပြန်အလှန် ရေးစေရပါမည်။

– တတိယအဆင့်အနေဖြင့် ဆရာက သင်ပုန်းတွင် 'ဝ'ဗျည်းကို ရေးပြပြီး ကလေးများကို ကူးရေး စေပါမည်။(ကလေးများကူးရေးသည့်အခါရေးတတ်သလိုရေးရန်ဖြစ်ပါသည်။)

နိဝင်ဘာလ (ရေ) သင်ခန်းစာကို ရောက်ရှိမှသာ 'ဝ'ဗျည်းအက္ခရာမှစတင်ပြီး အရစ်အဆွဲမှန်ကန်စွာ ကူးရေးတတ်စေရန်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် ပထမဆုံး အစက်ကျဲချထားသော 'ဝ'ဗျည်းပေါ်တွင် အရစ်အဆွဲ မှန်ကန်စွာ ထပ်ရေးစေပြီး နောက်တစ်ဆင့်အစက်စိတ် ချထားသော 'ဝ'ဗျည်းပေါ်တွင် ထပ်ရေးစေခြင်းက ကလေးများအတွက် ပိုမိုလွယ်ကူစေနိုင်ပါသည်။ နောက်ဆုံးမှသာ လေးကြောင်းမျဉ်းတွင် အရစ်အဆွဲမှန်စွာ ကူးရေးစေရမည်ဖြစ်ပါသည်။ ထိုနည်းအတိုင်း လေ့ကျင့်ခြင်းဖြင့် သူငယ်တန်းနှစ်ကုန်သည့်အခါ ကလေးများသည် မြန်မာဗျည်း အက္ခရာ ၂၅ လုံးကို အရစ်အဆွဲမှန်စွာ ကူးရေးတတ်စေရန်သာ မျှော်မှန်းပါသည်။ ပထမတန်းသို့ ရောက်ရှိချိန်တွင် ပုံမှန်ပြုလုပ်ရမည့် စာရေးခြင်း အတွေ့အကြုံရစေရန်သာ ရည်ရွယ် သောကြောင့် စာမျက်နှာအပြည့် ရေးသားစေခြင်း၊ လေးကြောင်းမျဉ်း စိတ်စိတ်လေးများထဲတွင်ဝင်အောင် ဖိအားပေးရေးစေခြင်းမျိုး မပြုလုပ်သင့်ပါ။ ဆရာများ အထူးသတိပြု ရန်မှာ ဗျည်းအက္ခရာများကို ကူးရေးတတ်စေရန်သာဖြစ်ပြီး အလွတ်ရေးစေခြင်း၊ အကြိမ်ကြိမ်ရေးစေခြင်း များကို ရှောင်ကြဉ်ရပါမည်။

ဝ ဗျည်းအက္ခရာများကို အစက်ကျဲကျဲများပေါ်တွင် ထပ်၍ရေးခြင်း



ဝ ဗျည်းအက္ခရာများကို အစက်ကျဲကျဲများပေါ်တွင် ထပ်၍ရေးခြင်း



လေးကြောင်းမျဉ်းတွင်ရေးခြင်း



**မှတ်ချက်။** KG ကလေးများအတွက် ဗျည်းအက္ခရာများ ကူးရေးစေမည့် လေးကြောင်းမျဉ်းသည် ပုံတွင်ပြ ထားသည့်အတိုင်း မျဉ်းအကျဲမျိုးဖြစ်သင့်ပါသည်။

ကလေးများ၏ ဘာသာစကားဖွံ့ဖြိုးမှု၊ စာရေးစာဖတ်အစပျိုးသင်ယူမှုနှင့်အတူ ကလေးများ စိတ်ဝင်စားသည့် အကြောင်းအရာများကို စူးစမ်းလေ့လာနိုင်ရန် အခွင့် အလမ်းများ ဖန်တီးပေးသင့်ပါသည်။ ကလေးများအတွက် သင်ယူမှုခေါင်းစဉ်တစ်ခုကို သတ်မှတ်ပြီးပါက ခေါင်းစဉ်နှင့်သက်ဆိုင်သော အကြောင်းအရာများပါဝင်သည့် စာအုပ်ကို ကလေးများအားဖတ်ပြပါ။ ကလေးများကိုယ်တိုင်လည်း ကိုင်တွယ်ဖတ်ရှု လေ့လာပါစေ။ ကလေးများ သင်ယူရရှိခဲ့သည်များကို စုစည်းပြောပြစေသည့်သရုပ်ဆောင်

ကစားနည်းများကို စီစဉ်လုပ်ဆောင်ပေးပါ။ ထိုသို့လုပ်ဆောင်ပေးခြင်းဖြင့် ကလေးများ ဘာသာစကားနှင့် စာရေး၊ စာဖတ် ကျွမ်းကျင်မှုများ တိုးတက်လာပြီး အခြေခံအသိသညာများလည်း ရရှိသွားပါမည်။

## အကြံပြုချက်။

သူငယ်တန်း ဘာသာစကားမိုငြမ်းပြုလမ်းညွှန်စာအုပ်ပါ အပိုင်း(၁)ရှိ ဘာသာစကားစနစ်၏ အခြေခံများမှာ သူငယ်တန်းကလေးများကို သင်ကြားရန်မဟုတ်ဘဲ ဘာသာစကားနှင့်ပတ်သက်၍ သူငယ်တန်းဆရာ၊ဆရာမများ အခြေခံဗဟုသုတရရှိရန်အတွက် ဖော်ပြထားခြင်း ဖြစ်ပါသည်။ အပိုင်း(၂)ရှိ ကဗျာများ၊ ပုံပြင်များသည် ဘာသာစကားဆိုင်ရာ သင်ယူမှု လုပ်ငန်းများတွင် အသုံးပြုရန် နမူနာအဖြစ် ရေးသားဖော်ပြထားခြင်းဖြစ်ပါသည်။ နမူနာ ဖြစ်သောကြောင့် သင်ပြမှုပုံစံပါ သင်ခန်းစာများနှင့် ချိတ်ဆက်မှုရှိသော ဒေသအလိုက် ရိုးရာပုံပြင်၊ ကဗျာများကိုလည်း သင်ကြားပေးနိုင်ပါသည်။

အပြန်အလှန်ပြောဆိုဆက်သွယ်ခြင်းနယ်ပယ်ရှိ သင်ယူမှုလုပ်ငန်းများသည် ကလေးများကို ဘာသာစကားဖွံ့ဖြိုးမှုရစေရန်နှင့် စာရေး၊စာဖတ်အတွက် အဆင်သင့်ဖြစ်စေရန် ရည်ရွယ်ထားသည့်အတွက် ထိုနယ်ပယ်ရှိ သင်ယူမှုလုပ်ငန်းများကို နေ့စဉ်ဆောင်ရွက်ရမည်ဖြစ်သည်။ မြန်မာဗျည်းအက္ခရာ (၃၃)လုံး၏ အမည်နှင့် အသံများကို ကလေးများခွဲခြားပြောဆိုနိုင်အောင် သင်ပြမှုပုံစံပါလမ်းညွှန်ချက်အတိုင်း လေ့ကျင့်ပေးရမည်ဖြစ်သည်။ ထို့အပြင် အရစ်၊ အဆွဲ မှန်ကန်ခြင်း အတွေ့အကြုံများကိုလည်း လေ့ကျင့်ပေးရမည် ဖြစ်သည်။ သို့သော် သူငယ်တန်း ကလေးများအတွက် ခက်ခဲသောဗျည်းစာလုံးများ ဖြစ်သည့် (ဃ၊ ဈ၊ ဠ၊ ဍ၊ ဎ၊ ဏ၊ ဋ၊ ဌ) ဗျည်း အက္ခရာ (၈)လုံးကို ချန်လှပ်ထားခဲ့ပြီး ပထမတန်းရောက်မှသာ ဆက်လက်လေ့ကျင့်စေမည် ဖြစ်ပါသည်။ ပုံပြင်များသည် ကလေးများ၏ ဘာသာစကားဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်စေသဖြင့် တစ်နေ့တာ၏ ဘာသာစကားအချိန်များတွင် လိုအပ်သလို အသုံးပြုသင့်ပါသည်။

## ပြန်လည်အသုံးချခြင်းလုပ်ငန်း။

ဤနယ်ပယ်တွင်

- ကလေးများ စာရေး၊ စာဖတ် အဆင်သင့်ဖြစ်စေရန်အတွက် မည်သည့်လုပ်ငန်းများကို လက်တွေ့လုပ်ဆောင်ပေးခဲ့ပါသလဲ။
- လက်တွေ့မလုပ်ဖြစ်ခဲ့သောလုပ်ငန်းများရှိပါသလား။ အဘယ်ကြောင့်မလုပ်နိုင်ပါသနည်း။

ပြောဆိုဆက်သွယ်ခြင်းနယ်ပယ်အတွက် ဖော်ပြပါ နမူနာသင်ပြမှုပုံစံများကို ကြည့်ရှုလေ့လာနိုင်ပါသည်-

### သင်ပြမှုပုံစံ(၁)

အကြောင်းအရာ။ မိမိအကြောင်း

သင်ချိန်။ (၃၀ မိနစ်)

အသေးစိတ်သင်ယူမှုရလဒ်။ ပုံပြင်ကို နားထောင်တတ်ရန်။

လုပ်ငန်းစဉ်။ ‘ကျွန်တော့်အမေလားခင်ဗျာ’ ပုံပြင်ကိုပြောခြင်း

ဆရာက ပုံပြင်ပါအကြောင်းအရာကို အလွတ်ရသည်အထိ ဖတ်ထားပါ။

(၁) ပုံပြင်မပြောမီ

- ဆရာက ကလေးများအား ပစောက်ပုံဝိုင်းထိုင်ပါစေ။
- ဆရာက ကလေးများ၏ ထိပ်တွင် ကလေးများမျက်စိနှင့် တစ်တန်းတည်းဖြစ်အောင်ထိုင်ပါ။
- ကလေးများအား ‘ကျွန်တော့်အမေလားခင်ဗျာ’ ပုံပြင် စာအုပ်၏ မျက်နှာဖုံးပါ ရုပ်ပုံများကို မိတ်ဆက်ပေးပါ။
- ပုံပြင်၏ခေါင်းစဉ်ကို မိတ်ဆက်ပေးပါ။

(၂) ပုံပြောနေစဉ်

- ဆရာကပုံပြင်ပါ အကြောင်းအရာကို အသံအနေအထား ဟန်ပန်အမူအရာဖြင့်ပြောပါ။
- သင့်လျော်သောနေရာတွင်ရပ်၍ မေးခွန်းများကိုမေးပါ။(ဥပမာ–ဘာဆက်ဖြစ်မယ်ထင်သလဲ။ သူတို့ ဘာတွေပြောနေမယ်ထင်သလဲ.....စသည်ဖြင့်)
- ကလေးများအား ပုံပြင်ပါ တိရစ္ဆာန်များ၏ အော်သံ၊ လှုပ်ရှားပုံများကိုလည်း ပြုလုပ်ပါစေ။

(၃) ပုံပြင်ပြောပြီးနောက်

- ပုံပြင်နှင့်ပတ်သက်သော မေးခွန်းများကိုမေးပါ။(ဥပမာ– ပုံပြင်က ဘာအကြောင်းလဲ။ ဘယ်သူ့အကြောင်းလဲ။ ဘာတွေလုပ်ကြတာလဲ...စသည်ဖြင့်)
- ကလေးများမှတ်မိသမျှပြောပြပါစေ။
- ကလေးများ မှတ်မိသမျှထင်မြင်ချက်ပြောပြီးတိုင်းဆရာက ချီးကျူးပါ။ (မှတ်ချက်။ ဆရာက ပုံပြင်ပြောနည်း အဆင့်အလိုက် သင်ချိန်များကို စီမံခန့်ခွဲပါ။)

## သင်ပြမှုပုံစံ(၂)

အကြောင်းအရာ။ အပင်များ

သင်ချိန်။ (၃၀ မိနစ်)

အသေးစိတ်သင်ယူမှုရလဒ်။ ဝ ဗျည်း အသံနှင့် အမည်ကိုရွတ်ဆိုတတ်ရန်

လုပ်ငန်းစဉ်။ ဝ ဗျည်း အမည် ၊သင်္ကေတ နှင့် အသံ ဝ ဗျည်း ကဗျာ ကိုပြန်လည်ရွတ်ဆိုပါစေ။

ဆရာက ဝ ဗျည်း သင်္ကေတ ကိုသင်ပုန်းပေါ်တွင် ရေးပြီး ထောက်ပြ၍အမည်မှာ ဝ လုံးဖြစ်ကြောင်းပြောပါ။

- ထိုနောက် ဆရာက ဝ လုံး ၏ အသံမှာ ဝ ဖြစ်ကြောင်း ပြောပါ။
- ဆရာက ဝ အသံကို နမူနာရွတ်ပြပြီး ကလေးများအား လိုက်၍ ရွတ်ဆိုပါစေ။
- ဆရာက ကလေးများအား ဝ သံ ပါသော ရုပ်ပုံနှင့် ဝ သံ မပါသော ရုပ်ပုံ



DBE BOX

| |
|---|
| များဝေပေးပြီးနောက် ဝ သံပါသော ရုပ်ပုံများ ရွေးချယ်၍ ရုပ်အမည်ကို ပြောပြပါစေ။( ဥပမာ– ပစ်တိုင်းထောင်၊ ဖိုးဝရုပ်၊ ဝါးပင်၊ အုန်းပင်၊ ဝါးပင်၊ နှင်းဆီပင်၊ ငါး၊ ဖား၊ ဝက်...စသည်ဖြင့်) |

## သင်ပြမှုပုံစံ(၃)

အကြောင်းအရာ။ ရာသီဥတု

သင်ချိန်။ (၃၀ မိနစ်)

အသေးစိတ်သင်ယူမှုရလဒ်။ အာရုံစူးစိုက်ပြီး ဗျည်းအက္ခရာစာလုံးများနှင့် ကစားတတ်ရန်။

လုပ်ငန်းစဉ်။ စာလုံးဘင်ဂိုကစားခြင်း

(က) အုပ်စုငယ်များဖွဲ့ပါ။

(ခ) အုပ်စုတစ်စုကို အက္ခရာစာလုံးကတ်ပြား(၉)ခု တစ်စုံစီပေးပါ။ ကတ်ပြားများကို (၃)ခုစီ တန်း၍စီရန်ညွှန်ကြားပါ။ ကူညီပါ။ (ကြိုက်သလိုစီစဉ်နိုင်ခွင့်ပေးပါ။)

(ဂ) ဆရာက အက္ခရာ တစ်လုံးစီကို ကျပန်းခေါ်ပေးပါ။ အုပ်စုများက မိမိတို့ ကတ်ပြားများကို ကြည့်ပြီး ဆရာခေါ်သော အက္ခရာ ရှိပါက ၎င်းအက္ခရာ ကတ်ပြားကို ၎င်းနေရာတွင်ပင် မှောက်ထားပါစေ။

(ဃ) ဤနည်းအတိုင်း အက္ခရာများကို ဆက်လက်ခေါ်သွားပါ။ အက္ခရာများ ဘေးတိုက်(သို့မဟုတ်) ဒေါင်လိုက်(သို့မဟုတ်) ထောင့်တန်း သုံးလုံးတန်း မှောက်ပြီးပါက ထိုအသင်းကို ဘင်ဂို ဟုအော်ပြီး အနိုင်ရကြောင်းပြောပါစေ။

(င) ထိုနည်းအတိုင်း ဒုတိယ၊ တတိယ ဆက်ရွေးချယ်ပါ။

**မှတ်ချက်။** အုပ်စုတစ်စုကို အက္ခရာစာလုံးကတ်ပြား(၄)ခု တစ်စုံစီလည်း ပေးနိုင်ပါသည်။(ဥပမာ–နမူနာစာလုံးများ)

| | |
|---|---|
| ဝ | ဂ |
| ပ | င |

| | | |
|---|---|---|
| က | စ | န |
| ဝ | ည | မ |
| ပ | လ | ဆ |

## အပိုင်း ၄။ သင်္ချာအခြေခံများကိုစူးစမ်းလေ့လာခြင်း

**စဉ်းစားပါ။**

- သင်္ချာအခြေခံဆိုတာ ဘာတွေဖြစ်နိုင်မယ်လို့ ထင်ပါသလဲ။
- သင်္ချာအခြေခံများကို စူးစမ်းလေ့လာခြင်းနယ်ပယ်တွင် မည်သည့်အကြောင်းအရာများ ပါဝင်မည်ဟု ထင်ပါသလဲ။
- ထိုနယ်ပယ်ကို အဘယ်ကြောင့် သူငယ်တန်းကလေးများအတွက် ထည့်ပေးရတာလို့ ထင်သလဲ။
- ထိုနယ်ပယ်မှာ ကလေးများအတွက် ဘယ်လိုသင်ယူမှုလုပ်ငန်းတွေ လုပ်နိုင်သလဲ။

**ဖတ်ပါ။**

### သင်္ချာအခြေခံများကိုစူးစမ်းလေ့လာခြင်း

သင်္ချာအခြေခံများကိုစူးစမ်းလေ့လာခြင်းနယ်ပယ်တွင် အပိုင်း (၃)ပိုင်းပါဝင်ပါသည်-

- ကိန်းဆက်စပ်ပုံများစူးစမ်းလေ့လာခြင်းနှင့် အဆင်ပုံစံများ
- အရာဝတ္ထုများ၏တည်နေရာနှင့်ပုံသဏ္ဌာန်များကိုဖော်ထုတ်ခြင်း
- တိုင်းတာခြင်းနှင့် ခန့်မှန်းခြင်းတို့ ပါဝင်ပါသည်။

**ကိန်းဆက်စပ်ပုံများကိုစူးစမ်းလေ့လာခြင်း**

ကိန်းများကိုယှဉ်တွဲခြင်း၊ အမျိုးအစားခွဲခြားခြင်း၊ နှိုင်းယှဉ်ခြင်း၊ အစီအစဉ်အလိုက်ထားခြင်းနှင့် အဆင်ပုံစံများပါဝင်ပါသည်။ ယှဉ်တွဲခြင်းတွင် အရာဝတ္ထုများ၏ တူညီမှု အသိသညာကို သဘောပေါက်နားလည်ပြီး တူညီသောအရာဝတ္ထုများကို ပုံသဏ္ဌာန်၊ အရွယ်အစား၊ မျက်နှာပြင်အနေထား၊ ၄င်းတို့ အသုံးဝင်မှုအပေါ်အခြေခံပြီး ယှဉ်တွဲခြင်းပြုလုပ်နိုင်သည်။ ဝတ္ထုစစ်နှင့် ရုပ်ပုံကားချပ်များအသုံးပြုနိုင်သည်။ အမျိုးအစားခွဲခြားသတ်မှတ်ခြင်းတွင် ကလေးများသည် တူညီသောအရာဝတ္ထုများရွေးထုတ်ရမည်။ အမျိုးအစားတူရာအုပ်စုဖွဲ့ခြင်း၊ အုပ်စုတစ်ခုနှင့်တစ်ခု ဆက်စပ်ပုံကိုဖော်ထုတ်ရမည်။ နှိုင်းယှဉ်ခြင်းတွင် တူညီသော အရာဝတ္ထုများနှင့် မတူညီသော အရာဝတ္ထုများကို နားလည်ပြီးနောက် ၄င်းတို့၏ တူညီပုံ၊ ကွဲပြားပုံကို ရှာဖွေရမည်။ နှိုင်းယှဉ်ခြင်းတွင် အောက်ပါအချက်များပါဝင်ပါသည်-

- အရွယ်အစား(အကြီး၊အသေး)
- အလျား(အတို၊အရှည်)
- အလေးချိန်(အလေး၊အပေါ့)
- မျက်နှာပြင်အနေအထား(ချောမွေ့၊ကြမ်းတမ်း)

အစီအစဉ်အလိုက်ထားရှိခြင်းတွင် အရာဝတ္ထုများ အရွယ်အစားအကြီးဆုံးမှ အသေးဆုံး (သို့မဟုတ်) အသေးဆုံးမှအကြီးဆုံး၊ အမြန်နှုန်း(အမြန်ဆုံးမှ အနှေးဆုံး (သို့ မဟုတ်)အနှေးဆုံးမှ အမြန်ဆုံး)စသည်တို့ကို အစီအစဉ်လိုက်ထားရှိခြင်းဖြစ်သည်။ အဆင်ပုံစံများတွင် နေ့စဉ်ဘဝတွင် မြင်တွေ့နေကျဖြစ်သော အဆင်ပုံစံများကို လေ့လာဆန်းစစ်ပြီး ယခင်ရှိပြီးသားအတွေ့အကြုံများ

DBE BOX

နှင့် ပေါင်းစပ်ကာ ကိုယ်ပိုင်အဆင်ပုံစံများ ဖန်တီးတတ်ရန်ဖြစ်သည်။ အရောင်များ၊ ပုံသဏ္ဌာန်များ၊ အရာဝတ္ထုများ၊ အသံများ၊ လှုပ်ရှားမှုများ၏ ပုံစံတကျ ထပ်ကာထပ်ကာဖြစ်နေသော အစီအစဉ်ကို လေ့လာရန်ဖြစ်သည်။

**အဆင်ပုံစံများ**





**ကိန်းဆိုင်ရာအသိနှင့်တွက်ချက်မှုများ။** ကလေးများသည်စူးစမ်းရှာဖွေခြင်း၊နှိုင်းယှဉ်ခြင်း၊ဆောင်ရွက်ထားသည်များကို ပြောပြခြင်းဖြင့် ကိန်းဆိုင်ရာအသိသညာများနှင့် ကျွမ်းကျင်မှုများဖွံ့ဖြိုးတိုးတက်စေနိုင်သည်။ ကိန်းများကိုနှုတ်မှ ရွတ်ဆိုခြင်း၊ ယှတ္တိကျကျရေတွက်ခြင်းနှင့် ကိန်းဆိုင်ရာ အသိသညာများကို သိရှိနားလည်ခြင်းစသည်တို့ ပါဝင်သည်။

**ကိန်းများကိုနှုတ်မှရွတ်ဆိုခြင်း။** ကလေးများ ၁၊ ၂၊ ၃၊ ၄ စသည်ဖြင့် ကိန်းများကိုအစီအစဉ်အလိုက် ရွတ်ဆိုခြင်းဖြစ်သည်။ အရာဝတ္ထုများ၏ အရေအတွက်ကို သတ်မှတ်နိုင်သည့် ကျွမ်းကျင်မှုသည် သင်္ချာပုစ္ဆာကို ဖြေရှင်းရန်အတွက်လိုအပ်သည့် ကျွမ်းကျင်မှုဖြစ်သည်။

**ယှတ္တိကျကျရေတွက်တတ်ခြင်း။** အရာဝတ္ထုကို ကိုင်တွယ်ခြင်းနှင့် အရေအတွက်ရွတ်ဆိုခြင်းကို တစ်ပြိုင်တည်းပြုလုပ်ခြင်း ဖြစ်သည်။

**ကိန်းဆိုင်ရာအသိသညာများကိုသိရှိနားလည်ခြင်း။** ကိန်းဆိုင်ရာအသိသညာများကို သိရှိနားလည်ခြင်းသည် ကိန်းများနှင့် အရေအတွက်များ၏ ဆက်သွယ်ချက်ကို နားလည်ခြင်းဖြစ်သည်။ ထို့ပြင် ကိန်းများ၏ အသိသညာကို နားလည်မှုအဆင့်၊ ကိန်းများ၏သဘောကိုလက်တွေ့ဘဝနှင့်ချိတ်ဆက်ခြင်းအဆင့်၊ကိန်းများကိုသင်္ချာသင်္ကေတဖြင့် ရေးတတ်ခြင်းအဆင့်များပါဝင်သည်။ကိန်းတစ်ခုသည် အခြားကိန်းများကိုပေါင်းစပ်ခြင်းဖြင့် ရရှိနိုင်ခြင်း၊ အစိတ်အပိုင်းများကို ပေါင်းစပ်ခြင်းဖြင့် အပြည့်တစ်ခုဖြစ်လာခြင်း အသိသညာများသိရှိစေရန်ဖြစ်သည်။ ထိုသို့ အသိသညာများရရှိစေရန် ဆရာက ကိန်းအသိသညာကို မိတ်ဆက်ပေးသည့် ပုံပြင်များပြောခြင်း၊ သီချင်းကဗျာသီဆိုခြင်း၊ ကိန်းဂဏန်းကတ်ပြားများဖြင့် ကစားစေခြင်း၊ ကိန်းအသိသညာပါသော ရုပ်ပြစာအုပ်များ အသုံးပြုခြင်းနှင့် အရာဝတ္ထုအစစ်များဖြင့် အသုံးပြုခြင်းတို့ဖြင့် ကိန်းများကိုသိစေနိုင်သည်။ကိန်းဆိုင်ရာအရင်းအမြစ်ကြွယ်ဝသော သင်ယူမှုဝန်းကျင်ကိုဖန်တီးနိုင်သည်။

**အရာဝတ္ထု၏တည်နေရာနှင့်ပုံသဏ္ဌာန်များကိုဖော်ထုတ်ခြင်း**

အရာဝတ္ထု၏ တည်နေရာနှင့် ပုံသဏ္ဌာန်ကိုဖော်ထုတ်ခြင်း၊ အသိသညာသည် တည်နေရာပြစကားလုံးများဖြစ်သည့်(အပေါ်၊ အောက်၊ အရှေ့၊အနောက်)တို့ဖြစ်သည်။

**အခြေခံပုံသဏ္ဌာန်များ။** အခြေခံပုံသဏ္ဌာန်များတွင် ကလေးများသည် မိမိပတ်ဝန်းကျင်ရှိ အရာဝတ္ထုများကို ရှာဖွေဖော်ထုတ်ပြီး ယင်းတို့တွင် ကိုယ်ပိုင်ဝိသေသလက္ခဏာများရှိသည်ကို လေ့လာရ မည်ဖြစ်သည်။ အချို့ပုံသဏ္ဌာန်များတွင် သီးခြားအမည်များဖြစ်သည့် စက်ဝိုင်း၊ တြိဂံ၊ စတုရန်း၊ ထောင့်မှန်စတုဂံဟုရှိပြီး ပုံသဏ္ဌာန်တစ်ခုစီတွင် သီးခြားဂုဏ်သတ္တိရှိသည်။ ထိုပုံသဏ္ဌာန်များကို ကိုင်တွယ်ခြင်းဖြင့် ပုံသဏ္ဌာန်အမျိုးမျိုးမှ ပုံသဏ္ဌာန်အသစ် တည်ဆောက်နိုင်သည်ကို ရှာဖွေဖော်ထုတ်ရမည်။

**အရာဝတ္ထု၏တည်နေရာ။** အရာဝတ္ထု၏တည်နေရာကို သိရှိနားလည်ခြင်းဖြင့် ကလေးများသည် အရာဝတ္ထုများ၊ ၎င်းတို့၏ တည်နေရာနှင့် ကလေး၏တည်နေရာကြားဆက်သွယ်မှု၊ အရာဝတ္ထုအချင်းချင်း၏ ဆက်သွယ်မှုကို နားလည်လာမည်။

**တိုင်းတာခြင်းနှင့်ခန့်မှန်းခြင်း**

တိုင်းတာခြင်းနှင့်ခန့်မှန်းခြင်းတွင် အရာဝတ္ထုများ၏အလျားများ(အရှည်၊ အကျယ်၊ အမြင့်)၊ အလေးချိန်၊ ပမာဏဖြစ်ရပ်တစ်ခု၏ ကြာချိန်နှင့် ထုထည်စသည်တို့ကို တိုင်းတာခြင်းဖြင့် သတ်မှတ်ခြင်းဖြစ်သည်။ ပတ်ဝန်းကျင်ရှိအရာဝတ္ထုများနှင့် အချက်အလက်များကို စုဆောင်းပြီး တိုင်းတာခြင်း၊ ကြိုတင်ခန့်မှန်းခြင်းလုပ်ဆောင်ခြင်းဖြင့် သင်္ချာဆိုင်ရာ အတွေးအခေါ်များ တိုးတက်လာသည့်အပြင် ဘာသာစကားကျွမ်းကျင်မှုလည်း ရရှိလာမည်။ ထိုနယ်ပယ်အတွက် ဆရာ၊ဆရာမများအနေဖြင့် အထက်ပါကျွမ်းကျင်မှုများကို ရရှိသွားစေရန် ပံ့ပိုးကူညီရာတွင် အကြောင်းအရာတစ်ခုကို မေးခွန်းမေးပြီးပါက ကလေးများဖြေရှင်းနိုင်ရန် အခွင့်အရေးပေးရမည်။ ကလေးအချင်းချင်း ဆွေးနွေးတိုင်ပင်ခွင့် ပေးရမည်။ မိမိပတ်ဝန်းကျင်တွင် အလွယ်တကူရနိုင်သော ပစ္စည်းများ၊ စာသင်ခန်းတွင်းရှိ ပစ္စည်းများကို သင်ထောက်ကူအဖြစ်သုံးနိုင်သည်။ ကလေးများ သင်္ချာကို နှစ်သက်လာစေရန် သင်္ချာလေ့လာရာတွင် ယုံကြည်မှုရှိစေရန် ကူညီအားပေးရမည်။ ကလေးများ သင်ယူလေ့လာခြင်းကို ပံ့ပိုးကူညီရန်နှင့် ၎င်းတို့၏အသိသညာကို ချဲ့ထွင်နိုင်မည့် လုပ်ငန်းများကို စီစဉ်နိုင်ရန်အတွက် ကလေးများဆောင်ရွက်နေသည်ကို စောင့်ကြည့်လေ့လာခြင်း၊ အကဲဖြတ်ခြင်းသည် အရေးပါသောအစိတ်အပိုင်းဖြစ်ပါသည်။

**အကြံပြုချက်။**

ကလေးများသည် ကိန်းဂဏန်းအရေအတွက်များကို မသင်ယူမီ သင်္ချာအခြေခံ အသိသညာများဖြစ်သော နည်းခြင်း/များခြင်း၊ အကြီး/အသေး၊ အရှည်/အတို၊ အလေး/အပေါ့ စသည့်တို့ကို ကစားခြင်းမှ သင်ယူရရှိနိုင်သဖြင့် ကလေးများကိုကစားခွင့်ပေးရမည်။ ကလေးများ သင်ယူလေ့လာခြင်းကို ပံ့ပိုးကူညီရန်နှင့် ၎င်းတို့၏ အသိသညာကိုချဲ့ထွင်နိုင်မည့် လုပ်ငန်းများ စီစဉ်နိုင်ရန်အတွက် ကလေးများဆောင်ရွက်နေသည်ကို စောင့်ကြည့်လေ့လာခြင်း၊ အကဲဖြတ် ခြင်း စသည်တို့ကို ဆရာ၊ဆရာမများက လုပ်ဆောင်ပေးရပါမည်။

## ပြန်လည်အသုံးချခြင်းလုပ်ငန်း။

- ယှဉ်တွဲခြင်းအတွက် မည်သို့သောလုပ်ငန်းများ လုပ်ဆောင်ခဲ့ပါသလဲ။
- အမျိုးအစားခွဲခြားခြင်းအတွက် မည်သို့သောလုပ်ငန်း လုပ်ဆောင်ပေးခဲ့ပါသလဲ။
- ကိန်းများ ၁ မှ ၁၀ အထိ ယုတ္တိကျကျရေတွက်တတ်စေရန် မည်သို့လုပ်ဆောင်ပေးခဲ့ပါသလဲ။
- ကလေးများတွေးခေါ်စဉ်းစားမှု ပိုအားကောင်းလာစေရန် မည်သို့သောလုပ်ငန်းများ လုပ်ဆောင်ပေးခဲ့ပါသလဲ။
- ဤနယ်ပယ်မှာ ကလေးများလက်တွေ့မလုပ်နိုင်သည့်လုပ်ငန်း ရှိပါသလား။ အဘယ်ကြောင့်နည်း။

သင်္ချာအခြေခံများကို စူးစမ်းလေ့လာခြင်းနယ်ပယ်အတွက် အောက်ဖော်ပြပါ နမူနာ သင်ပြမှုပုံစံကို ကြည့်ရှုလေ့လာနိုင်ပါသည်-

### သင်ပြမှုပုံစံ

အကြောင်းအရာ။ တို့ရပ်ရွာ

သင်ချိန်။ (၃၀ မိနစ်)

အသေးစိတ်သင်ယူမှုရလဒ်။ အဝိုင်း၊ သုံးထောင့်၊ လေးထောင့်ပုံ စသည့်ပြင်ညီပုံများ အမည်များကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ပြင်ညီပုံ၊ထုပုံများ

**ပြင်ညီပုံအမည်များကိုမေးဖြေ ပြုလုပ်ခြင်း**

(၁) စက္ကူကတ်ထူပြားများကို အဝိုင်း (စက်ဝိုင်း) သုံးထောင့် (တြိဂံ) လေးထောင့် (စတုဂံ၊စတုရန်း)ပုံများ အသင့်ညှပ်ထားပါ။

(၂) အဝိုင်းပုံ(စက်ဝိုင်းပုံ)ကိုပြ၍ မည်ကဲ့သို့ခေါ်ဆိုကြောင်းမေးပါ။ ဆရာက အဝိုင်းပုံဟု ခေါ်ဆိုကြောင်းပြောပါ။

(၃) ထိုနည်းအတိုင်း သုံးထောင့်ပုံ (တြိဂံပုံ) နှင့်လေးထောင့်ပုံ (စတုဂံ၊ စတုရန်း) ပုံများကိုလည်း တစ်ခုချင်းစီပြ၍အထက်ပါ အတိုင်းမေးပါ။ သုံးထောင့်ပုံ၊ လေးထောင့်ပုံ ဟု ခေါ်ကြောင်း ပြောပါ။ သင်ပုန်းပေါ်တွင် ၎င်းပုံ (၃) ပုံကို ဆွဲပြပါ။

(၄) စာသင်ခန်းရှိအဝိုင်းပုံ၊သုံးထောင့်ပုံ၊လေးထောင့်ပုံများကို ရှာဖွေ၍အမည်ကို ပြောပါစေ။ ဥပမာ- သင်ပုန်း(လေးထောင့်ပုံ)၊ နာရီ(အဝိုင်းပုံ)

(၅) အုပ်စုတစ်စုစီအား အထက်ပါပြင်ညီပုံများဖြင့် တည်ဆောက်ထားသော ပုံများဝေပေးပါ။

(၆) မိမိတို့အုပ်စု ရရှိထားသော ပုံများတွင် ပါဝင်သော ပြင်ညီပုံ အမည်များကို ဆွေးနွေးပါစေ။

(၇) အုပ်စုတစ်စုစီမှ မိမိတို့ရရှိသော ပုံကို ထောင်ပြ၍ ပြင်ညီပုံများအမည်ကို ပြောပါစေ။

(၈) KG-Kit တွင်ပါဝင်သော ရော်ဘာ အံသွင်းပစ္စည်းများမှ (ပြင်ညီပုံ)များကို လည်း အသုံးပြုနိုင်ပါသည်။

DBE BOX

## အပိုင်း ၅။ အနုပညာရသခံစားခြင်းနှင့်ဖန်တီးခြင်း

**စဉ်းစားပါ။**

- အနုပညာရသ ခံစားခြင်းနှင့် ဖန်တီးခြင်းဆိုတာ ဘာဖြစ်နိုင်သလဲ။
- သူငယ်တန်းကလေးတွေကို အနုပညာရသခံစားခြင်းနှင့်ပတ်သက်ပြီး ဘာတွေသင်ပေးနိုင်လိမ့်မည်ဟုထင်ပါသလဲ။
- သူငယ်တန်းကလေးတွေကို အနုပညာရသဖန်တီးတတ်အောင် ဘယ်လိုသင်ပေးနိုင်မည်ဟု ထင်ပါသလဲ။

**ဖတ်ပါ။**

### အနုပညာရသခံစားခြင်းနှင့်ဖန်တီးခြင်း

အနုပညာရသခံစားခြင်းတွင် ဂီတ၊ အက၊ ပန်းချီအစရှိသည့် အနုပညာနယ်ပယ်တွင် တွေ့ရှိရသည့် အလှအပကိုချစ်ခင်နှစ်သက်ခြင်းနှင့် တန်းဖိုးထားခြင်းတို့ပါဝင်ပြီး ထိုမှတစ်ဆင့် မိမိ၏ခံစားမှုများ၊ စိတ်ကူးများကို တီထွင်ဖန်တီးဖော်ပြခြင်းတို့ပါဝင်ပါသည်။

- **အမြင်အာရုံဆိုင်ရာအနုပညာ။** ပန်းချီဆွဲခြင်း၊ ဆေးရောင်ခြယ်ခြင်း၊ အရုပ်များပြုလုပ်ခြင်းနှင့် လက်မှုအနုပညာလုပ်ငန်းအားလုံးပါဝင်ပါသည်။
- **တင်ဆက်ဖျော်ဖြေမှုအနုပညာ။** သီဆို၊ တီးမှုတ်၊ ကခုန် လှုပ်ရှားရသည့်လုပ်ငန်းအားလုံး ပါဝင်ပါသည်။

**အမြင်အာရုံဆိုင်ရာအနုပညာလုပ်ငန်းများ**

အမြင်အာရုံဆိုင်ရာ အနုပညာလုပ်ငန်းများအနက် သူငယ်တန်းကလေးများ လုပ်ကိုင်ဆောင်ရွက်နိုင်သည့် လုပ်ငန်းများထဲတွင် ပုံဆွဲခြင်း၊ ဆေးရောင်ခြယ်ခြင်း၊ ပန်းချီဆွဲခြင်း၊ ပုံနှိပ်ပုံဖော်ခြင်းတို့ ပါဝင်ပါသည်။

**ပုံဆွဲခြင်း။** ခဲတံ၊ ရောင်စုံဖယောင်းတောင့်၊ မြေဖြူ စသည့် ရေးခြစ်စရာတစ်ခုခုဖြင့် ပုံသဏ္ဌာန်အမျိုးမျိုး ဖန်တီးရေးဆွဲခြင်းဖြစ်သည်။ ပုံသဏ္ဌာန်ပီပြင်အောင် မဆွဲတတ်မီတွင် ထင်ရာမြင်ရာရေးခြစ်ခြင်းဖြင့် စတင်ပါလိမ့်မည်။

**ဆေးခြယ်ခြင်း။** ပုံဆွဲစာအုပ် သို့မဟုတ် ဆေးရောင်ခြယ်စက္ကူ သို့မဟုတ် ပန်းချီဆွဲသည့်စက္ကူပေါ်တွင် ဖယောင်းရောင်စုံဖြင့် အရောင်အမျိုးမျိုးခြယ်ခြင်း သို့မဟုတ် ရောင်စုံဆေးရည်နှင့်စုတ်တံကိုအသုံးပြု၍ ဆေးခြယ်ခြင်း၊ ပန်းချီ ဆွဲခြင်း၊ လက်ချောင်းများကိုအသုံးပြု၍ ဆေးရောင်–စုံပုံဆွဲခြင်း စသည့်လုပ်ငန်းများ ပါဝင်ပါသည်။

**ပုံနှိပ်ပုံဖော်ခြင်း။** ကလေးများသည် ရေမြုပ်၊ သစ်သားတုံး၊ ပြောင်းဖူးရိုး၊ သစ်ရွက်၊ အာလူးခြမ်း စသည့် အရာဝတ္ထုများကိုအသုံးပြုပြီး မှင်ဖြင့် ပုံနှိပ်ပုံဖော်ခြင်းကို နှစ်သက်ကြသည်။ လက်ချောင်းများ၊ လက်ဝါးများကို ဆေးရောင်ဖြင့်သုတ်ပြီးလည်း ပုံနှိပ်ပုံဖော်ခြင်း ပြုလုပ်နိုင်သည်။ ထိုသို့ ပုံနှိပ်ပုံဖော်ခြင်းဖြင့် ပုံသဏ္ဌာန်အမျိုးမျိုးကိုသိခြင်း၊ နေရာအကျယ်ကိုခန့်မှန်းခြင်း၊ စဉ်းစားစိတ်

DBE Box

ကူးခြင်းနှင့် အရောင်၊အဆင်ပုံစံနှင့် ဒီဇိုင်းအမျိုးမျိုးစမ်းသပ်လုပ်ကိုင်ခြင်းတို့ကို အထောက်အကူပြုပါသည်။

**ဖြတ်၊ ညှပ်၊ ကပ်။** ရောင်စုံစက္ကူများ၊ သစ်ရွက်များ၊ အဝတ်စများ စသည့် အပိုင်းအစ အမျိုးမျိုးကို ဖြတ်၊ ညှပ်၊ ကပ် ပြုလုပ်ပြီး ပုံဖော်ရခြင်းသည်လည်း ကလေးများ၏ တီထွင်ဖန်တီးမှုအတွက် အရေးပါသော လုပ်ငန်းတစ်ရပ်ဖြစ်သည်။ ထို ဖြတ်၊ ညှပ်၊ ကပ် လုပ်ငန်းများထဲတွင် ဖြတ်၊ ညှပ်၊ ကပ် နည်းဖြင့် ပန်းချီပုံ တစ်ခုဖြစ်အောင် တီထွင်ဖန်တီးနိုင်ရေးအတွက်လည်း အားပေးသင့်သည်။ ထိုလုပ်ငန်းက ကလေးများ၏စိတ်ကူးကိုထုတ်ဖော်ရန် အခွင့်အလမ်းများပေးပြီး အရာဝတ္ထုများ၏ သဘာဝကိုပါ သိရှိလာစေနိုင်ပါသည်။

**ရက်လုပ်ခြင်း။** ရောင်စုံစက္ကူမျှင်များ၊ ကြိုးများ၊ လျှော်မျှင်များကိုအသုံးပြုပြီး ရက်လုပ်ခြင်း လုပ်ငန်းများလည်း ပြုလုပ်နိုင်သည်။ ဖျာရက်ခြင်း၊ ကြိုးရက်ခြင်း ကဲသို့သော လုပ်ငန်းများဖြစ်သည်။ ထိုလုပ်ငန်းမျိုးသည် ကလေးများ၏ ကြွက်သားငယ် အသုံးပြုထိန်းချုပ်နိုင်စွမ်း၊ မျက်စိနှင့်လက် ပေါင်းစပ်လုပ်ကိုင် နိုင်စွမ်းတို့ကို တိုးတက်စေပြီး တီထွင်ဖန်တီးမှုကိုလည်းအားပေးပါသည်။

**ပုံစံငယ်ပြုလုပ်ခြင်း။** ရွှံ့ သို့မဟုတ် ဂျုံဖြင့်နယ်ထားသော ဂျုံနယ်တုံးဖြင့် ပုံစံငယ်အမျိုးမျိုး ပြုလုပ်ရခြင်းကို ကလေးများအလွန်နှစ်သက်ကြသည်။ ဤလုပ်ငန်းက ကလေးငယ်များ၏ စိတ်ဖိစီးမှုကို လျော့ပါးစေပါသည်။ ရုပ်လုံးတစ်ခုလုံး ပေါ်အောင်မြင်ရသည့်အတွက် ပို၍စိတ်ဝင်စားဖွယ် ကောင်းပါသည်။

**ဖျော်ဖြေတင်ဆက်မှုအနုပညာ**

ကလေးများသည် သီဆို၊ကခုန်လှုပ်ရှားမှု အတွေ့အကြုံများမှတစ်ဆင့် ဂီတနှင့်ဆိုင်သော အကြောင်းအရာများကို နားလည်နိုင် ပါသည်။ ဆရာ၊ဆရာမများအနေဖြင့် ကလေးများ၏ သီဆို၊ ကခုန် လှုပ်ရှားမှု အတွေ့အကြုံများတွင် အောက်ပါအခြေခံဂီတသဘောများ ပါဝင်လာအောင် ပြုလုပ်ပေးနိုင်သည်။ ယင်းတို့မှာ–

- နရီစည်းဝါး
- အနှေးအမြန်
- အသံအနိမ့်အမြင့်နှင့်
- အား တို့ဖြစ်သည်။

သူငယ်တန်း ဆရာ၊ဆရာမများအနေဖြင့် သီဆိုလှုပ်ရှားခြင်းကိုအခြားသော သင်ယူဖွံ့ဖြိုးမှု နယ်ပယ်များဖြစ်သည့် ပြောဆိုဆက်သွယ်ခြင်း၊ သင်္ချာအခြေခံကို စူးစမ်းခြင်း၊ ကမ္ဘာကြီးကို စူးစမ်းလေ့လာခြင်း၊ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာခြင်း စသည်တို့တွင်လည်း အခြားသော သင်ယူမှုနယ်ပယ်တွင်လည်း ပေါင်းစပ်အသုံးပြုနိုင်ပါသည်။ သီဆို၊ ကခုန်လှုပ်ရှားခြင်းဆိုင်ရာ လုပ်ငန်းများထဲတွင် အဓိကအားဖြင့်–

- နားထောင်ခြင်း
- သီဆိုခြင်း
- ကခုန်ခြင်း
- တီးခတ်ခြင်းတို့ ပါဝင်ပါသည်။

## အကြံပြုချက်။

ဆရာများသည် တီထွင်ဖန်တီးမှုလုပ်ငန်းအမျိုးမျိုးအတွက် လိုအပ်သော သင်ထောက်ကူများကို ကြိုတင်စီစဉ်ပေးရပါမည်။ ကလေးများ တီထွင်ဖန်တီးထားသောလက်ရာများကို ခင်းကျင်းပြသထားရန် လိုပါသည်။ ကလေးများလုပ်ဆောင်မှုကို အသိအမှတ်ပြုကာ ကလေးများ၏ စိတ်ကူးကိုထုတ်ဖော်ပြောပြတတ်ရန် အားပေးသင့်ပါသည်။ အဓိကနယ်ပယ်တွင် ကလေးများ အလွယ်တကူသီဆိုလှုပ်ရှားကခုန်နိုင်မည့် သင့်လျော်သော တေးကဗျာများ၊ သီချင်းများကို ရွေးချယ်စုဆောင်းထားရန်လိုအပ်ပါသည်။ စာသင်ခန်းအတွင်းတွင် ကလေးများအတွက် ဂီတနှင့်ပတ်သက်သည့် ပစ္စည်းများစုဆောင်းထားရမည်။ သီဆိုကခုန်လှုပ်ရှားခြင်းလုပ်ငန်းများ စီစဉ်သည့်အခါတွင်လည်း ယဉ်ကျေးမှုအမျိုးမျိုးရှိ မတူညီသောတူရိယာပစ္စည်းများ၊ တေးသွားသံစဉ်များနှင့် ကခုန်လှုပ်ရှားပုံများကိုပါ ထည့်သွင်းမိတ်ဆက်ပေးပါက ကလေးများသည် မိမိတို့၏ ယဉ်ကျေးမှုကိုသာမက အခြားသော မတူကွဲပြားသည့် ယဉ်ကျေးမှုကိုပါ သိနားလည်ပြီး တန်ဖိုးထားတတ်မည်ဖြစ်သည်။ ထိုနယ်ပယ်မှ သင်ယူမှုလုပ်ငန်းများသည် ကလေးများနေ့စဉ်ဘဝအတွက် အခြေခံကောင်းများ ရရှိနိုင်သဖြင့် နေ့စဉ် ထိုနယ်ပယ်ကို သင်ယူရမည်ဖြစ်ပါသည်။

## ပြန်လည်အသုံးချခြင်းလုပ်ငန်း။

- ဖျော်ဖြေတင်ဆက်မှုအနုပညာလုပ်ငန်းကို စာသင်ခန်းတွင် ကလေးများနှင့်အတူ ပြုလုပ်ဆောင်ရွက်ခဲ့ပုံကို မှတ်တမ်းရေးပါ။
- အမြင်အာရုံဆိုင်ရာ အနုပညာလုပ်ငန်းတွေနဲ့ပတ်သက်ပြီး စာသင်ခန်းထဲမှာ ဘာလုပ်ငန်းတွေဆောင်ရွက်ခဲ့ပုံကို မှတ်တမ်းရေးပါ။
- အနုပညာရသခံစားခြင်းနှင့် ဖန်တီးခြင်းနယ်ပယ်ဟာ ကလေးတွေရဲ့ သင်ယူဖွံ့ဖြိုးမှုနယ်ပယ်ကို ဘယ်လိုသက်ရောက်မှုရှိပါသလဲ။
- သင်လက်တွေ့အကောင်အထည်မဖော်နိုင်သော လုပ်ငန်းများရှိပါသလား။ ရှိခဲ့ပါက ဘာကြောင့်လဲ။ ဘယ်လိုကြိုးစား အကောင်အထည်ဖော်လျှင်ရနိုင်မည်လဲ။

အနုပညာရသခံစားခြင်းနှင့် ဖန်တီးခြင်းနယ်ပယ်အတွက် အောက်ဖော်ပြပါ နမူနာ သင်ပြမှုပုံစံကို ကြည့်ရှုလေ့လာနိုင်ပါသည်-

### သင်ပြမှုပုံစံ

အကြောင်းအရာ။ အပင်များ

သင်ချိန်။ (၃၀ မိနစ်)

အသေးစိတ်သင်ယူမှုရလဒ်။ သစ်ပင်ပုံတွင် စက္ကူစများဖြင့် ပုံဖော်တတ်ရန်။

လုပ်ငန်းစဉ်။ ဖြတ်၊ ညှပ်၊ ကပ်ခြင်း(အပင်များ)

ဆရာက ရောင်စုံစက္ကူပိုင်းများကို ကလေးများအားဝေပေးပါ။

- မိမိတို့နှစ်သက်သော အရွက်ပုံ၊ အပွင့်ပုံ၊ အသီးပုံတို့ကို ဆွဲပါစေ။
- ဆွဲပြီးသော အရွက်၊ အပွင့်၊ အသီးပုံတို့ကို ပုံဖော်ပြီး ညှပ်ပါစေ။
- ကလေးများကို အုပ်စုဖွဲ့ပေးပါ။

DBE BOX

- ကလေးအုပ်စု တစ်စုစီကို စာရွက်ကြီးတစ်ချပ်စီ ဝေပေးပါ။
- ထိုစာရွက်ကြီးပေါ်တွင် မိမိတို့ပုံဖော်ညှပ်ထားသော (အရွက်၊ အပွင့်၊ အသီး) ပုံတို့ကို စိတ်ကြိုက်ပုံဖော်ကပ်ပါစေ။
- အုပ်စုလိုက် ပုံဖော်ကပ်ထားသော စိတ်ကြိုက်ပုံကို အတန်းနံရံတွင် ကပ်ပေးပါ။ ထို့နောက် အုပ်စုလိုက် မိမိတို့ပုံဖော်ထားသော အကြောင်းအရာကို ပြောပါစေ။

## အပိုင်း ၆။ ပတ်ဝန်းကျင်လောကကို သိရှိနားလည်ခြင်း

**စဉ်းစားပါ။**

- ပတ်ဝန်းကျင်လောကကို သိရှိနားလည်ခြင်းကို မည်သို့နားလည်ပါသလဲ။
- သူငယ်တန်းကလေးတွေကို သိပ္ပံပညာနှင့်ပတ်သက်ပြီး ဘာတွေသင်ပေးနိုင်လိမ့်မည်ဟု ထင်ပါသလဲ။
- သူငယ်တန်းကလေးတွေကို လူမှုရေးသိပ္ပံနှင့်ပတ်သက်ပြီး ဘာတွေသင်ပေးနိုင်လိမ့်မည်ဟု ထင်ပါသလဲ။

**ဖတ်ပါ။**

### ပတ်ဝန်းကျင်လောကကိုသိရှိနားလည်ခြင်း

ပတ်ဝန်းကျင်လောကကို သိရှိနားလည်ခြင်းဆိုသည်မှာ- သဘာဝတရားနှင့် လူ့အဖွဲ့အစည်းကို ပေါင်းစပ်လေ့လာခြင်းဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ရှိ သက်ရှိ၊ သက်မဲ့များအကြောင်းကို စူးစမ်းလေ့လာရင်းဖြင့် သိပ္ပံနည်းကျ စူးစမ်းလေ့လာမှုနှင့်ဆိုင်သည့် ကျွမ်းကျင်မှု များကို ရရှိသွားမည်ဖြစ်သည်။ တစ်ချိန်တည်းမှာပင် ပတ်ဝန်းကျင်ကိုစူးစမ်းလေ့လာခြင်း၊ လက်တွေ့စမ်းသပ်ခြင်း၊ စုံစမ်းမေးမြန်းခြင်း၊ သုံးသပ်ခြင်းများမှတစ်ဆင့် လူသားတို့၏ဘဝတွင် သိပ္ပံနှင့်နည်းပညာ၏ အရေးပါမှုကိုလည်း စတင်သတိပြုမိလာမည်။ ပတ်ဝန်းကျင်လောကကို လေ့လာခြင်းဖြင့် ကလေးများသည် မိမိတို့နေထိုင်ရာ ပတ်ဝန်းကျင်ကို သိရှိနားလည်လာပြီး တန်ဖိုးထားတတ်လာမည်။

#### သူငယ်တန်းကလေးများနှင့်သိပ္ပံပညာ

ကလေးများသည် ပတ်ဝန်းကျင်၏ ဖြစ်ပေါ်ပြောင်းလဲမှုများတွင် တက်ကြွစွာပါဝင် ဆောင်ရွက်ခြင်းဖြင့် စူးစမ်းရှာဖွေကြသည်။ ဆရာ၊ဆရာမများသည် ကလေးများအား တက်ကြွသော၊ မေးခွန်းများ မေးမြန်းတတ်သော၊ ပတ်ဝန်းကျင်ကိုစိတ်ဝင်တစား စူးစမ်းလေ့လာမှုများကို ပြောပြတတ်သော ကလေးများဖြစ်လာစေရန် ပံ့ပိုးကူညီပေးရမည်ဖြစ်သည်။ သိပ္ပံနည်းကျ လုပ်ငန်းစဉ်များဖြစ်သော စူးစမ်းရှာဖွေမှု၊ ကြိုတင်ခန့်မှန်းမှု၊ လက်တွေ့စမ်းသပ်မှုနှင့် ကောက်ချက်ချမှုတို့ကို စီစဉ်ဆောင်ရွက်တတ်စေရန်သာ အခွင့်အလမ်းများဖန်တီးပေးရမည်။

DBE Box

**သိမှုဆိုင်ရာဖွံ့ဖြိုးမှု**

ကလေးများသည် ပတ်ဝန်းကျင်လောကကို စူးစမ်းလေ့လာရာတွင် မိမိကိုယ်တိုင် ရှာဖွေတွေ့ရှိခြင်းဖြင့်လည်းကောင်း၊ အချင်းချင်းပူးပေါင်းလေ့လာခြင်းဖြင့်လည်းကောင်း သိပ္ပံနည်းကျသောအသိသညာများ ရရှိလာမည်ဖြစ်သည်။ သိပ္ပံလက်တွေ့လုပ်ငန်းများ ဆောင်ရွက်ရာတွင်–

- စူးစမ်းလေ့လာခြင်း
- နှိုင်းယှဉ်၍အမျိုးအစားခွဲခြားခြင်း
- ကြိုတင်ခန့်မှန်းခြင်း
- လက်တွေ့စမ်းသပ်လုပ်ကိုင်ခြင်း
- ကောက်ချက်ချခြင်းတို့ဆောင်ရွက်နိုင်သည်။

**သူငယ်တန်းကလေးများနှင့်လူမှုရေးသိပ္ပံ**

ဤအပိုင်းတွင် အချိန်ကာလနှင့် နေရာဒေသအပေါ် အမှီပြုပြီးလူတို့၏ နေထိုင်မှုဘဝပေါ်တွင် သက်ရောက်သည့်အပြောင်းအလဲများကို စူးစမ်းလေ့လာခြင်းဖြစ်သည်။ ပထဝီဝင်နှင့်သမိုင်းဟုဆိုလျှင် သူငယ်တန်းကလေးများနှင့်စပ်ဟပ်မှုမရှိဟု ယူဆကြမည်ဖြစ်သော်လည်း ကလေးများအနေဖြင့် ၎င်းဘာသာရပ်များနှင့်ဆက်နွယ်နေသည့် အသိသညာများ ကျွမ်းကျင်မှုများကိုမှုသင်ယူရမည်ဖြစ်သည်။ ပထဝီဝင်နှင့် သမိုင်းပညာရပ်များတွင် အသုံးပြုသည့်ဝေါဟာရအချို့ကိုလည်း စတင်သင်ယူကြရမည်ဖြစ်သည်။ သဘာဝသိပ္ပံကဲ့သို့ပင် အထူးသဖြင့် ပထဝီဝင်နှင့်သမိုင်းဘာသာရပ်ကိုလေ့လာရာတွင် အသုံးပြုနိုင်သည့် ကြည့်ရှုလေ့လာခြင်း၊ သရုပ်ဖော်ခြင်း၊ မေးမြန်းစုံစမ်းခြင်း၊ ရှေ့နောက် ကြောင်းကျိုးဆက်စပ်ခြင်း၊ ရှင်းလင်းတင်ပြခြင်း၊ ဆက်သွယ်ပြောဆိုခြင်း၊ မှတ်တမ်းတင်ခြင်းစသည့် ဖြစ်စဉ်ဆိုင်ရာကျွမ်းကျင်မှုများ ဖွံ့ဖြိုးလာအောင် လုပ်ဆောင်ပေးကြရမည်ဖြစ်သည်။

အဆိုပါကျွမ်းကျင်မှုများရရှိစေရန် ပုံပြောခြင်း၊ ပုံပြင်စာအုပ်ဖတ်ခြင်း၊ ကစားခြင်း၊ နှုတ်ပြောသမိုင်း၊ မြေပုံများဖတ်ခြင်း၊ မြေပုံများပြုလုပ်ခြင်း၊ လေ့လာရေးခရီးစသော နည်းလမ်းများကိုအသုံးပြုနိုင်သည်။

**အကြံပြုချက်။**

ဆရာ၊ဆရာမများသည် ကလေးများအား ပတ်ဝန်းကျင်လောကကို စူးစမ်းရှာဖွေဖော်ထုတ် လိုစိတ်များဖြစ်ပေါ်စေရန် သင်ယူမှုလုပ်ငန်းများတွင် မေးခွန်းများမေးမြန်းခြင်း၊(ဥပမာ– ခရုက ဘာအရောင်လဲ၊ ခရု ဘယ်လိုသွားသလဲ) စသည်ဖြင့် ကလေး၏ စိတ်ဝင်စားမှုကို နှိုးဆွပေးနိုင်သော၊ အတွေးကိုချဲ့ထွင်ပေးသောမေးခွန်းများဖြစ်ရမည်။ ရိုးရှင်းသောလက်တွေစမ်းသပ်ချက်များ ဆောင်ရွက်စေခြင်းတွင် ကလေးများအတွက် ရိုးရှင်းလွယ်ကူသော ညွှန်ကြားချက်များပေးပြီး စမ်းသပ်ချက်များလုပ်ကိုင်စေပြီး သိပ္ပံအသိသညာကို ရရှိအောင် အားပေးသင့်သည်။ (ဥပမာ–ရေသည် ထည့်သောခွက်၏ ပုံသဏ္ဌာန်ပေါ်တွင် မူတည်၍ပြောင်းလဲနိုင်ကြောင်း စမ်းသပ်ချက်)များ ပြုလုပ်ပေးနိုင်သည်။ ကွင်းဆင်းလေ့လာခြင်းတွင် ပတ်ဝန်းကျင်ရှိ ဈေးဆိုင်များ၊ ပန်းခြံ၊ ပြတိုက်၊ ဈေး စသည် နေရာများသို့ သွားရောက်လေ့လာပြီး တွေ့ရှိချက်များကိုပုံဆွဲ၍ လည်းကောင်း၊ ပြန်လည်ပြောပြခြင်းဖြင့်လည်းကောင်း မှတ်တမ်းပြုစုထားသင့်သည်။ စာသင်ခန်းပြင်ပတွင်လုပ်ဆောင်ရမည့် လုပ်ငန်းများပေးခြင်းတွင် ကလေးများကို သဘာဝပတ်ဝန်းကျင်နှင့် တိုက်ရိုက်

DBEBOX

ထိတွေ့ခွင့်ပေးခြင်းဖြစ်သည်။ (ဥပမာ– ပန်းကလေးများ ရနံ့ကို ခံစားစေခြင်း) ပတ်ဝန်းကျင်ရှိအသံများကို နားထောင်စေခြင်း (ဥပမာ– ယာဉ်များ၊ ငှက်ကလေးများ၏ အသံ) စသည့်လုပ်ငန်းများဖြင့် ပတ်ဝန်းကျင်တွင်တွေ့မြင်ရသော အရာများအပေါ် အကောင်းမြင်မှု သဘောထားများဖွံ့ဖြိုးအောင် ဆရာ၊ဆရာမများ အနေဖြင့် ကူညီပေးရပါမည်။ ဆရာ၊ဆရာမများ အနေဖြင့် သင်ယူမှုလုပ်ငန်းများကိုပြုလုပ်ရန် ဒေသထွက်ပစ္စည်းများကို သင်ထောက်ကူပစ္စည်းများအဖြစ် စုဆောင်းထားရန်လိုအပ်ပါသည်။

## ပြန်လည်အသုံးချခြင်းလုပ်ငန်း။

- သိပ္ပံပညာနဲ့ပတ်သက်ပြီး စာသင်ခန်းထဲမှာ ဘာလုပ်ငန်းတွေဆောင်ရွက်နိုင်သလဲ။
- လူမှုရေးသိပ္ပံနဲ့ပတ်သက်ပြီး စာသင်ခန်းထဲမှာ ဘာလုပ်ငန်းတွေဆောင်ရွက်နိုင်ခဲ့သလဲ။
- သင်လက်တွေ့အကောင်အထည်မဖော်နိုင်သော လုပ်ငန်းများရှိပါသလား။ ရှိခဲ့ပါက ဘာကြောင့်လဲ။ ဘယ်လိုကြိုးစားအကောင်အထည်ဖော်လျှင်ရနိုင်မည်လဲ။

ပတ်ဝန်းကျင်လောကကို သိရှိနားလည်ခြင်း နယ်ပယ်အတွက် အောက်ဖော်ပြပါ သင်ပြမှုပုံစံကို ကြည့်ရှုလေ့လာနိုင်ပါသည်–

**သင်ပြမှုပုံစံ**

အကြောင်းအရာ။ ရေ

သင်ချိန်။ (၃၀ မိနစ်)

အသေးစိတ်သင်ယူမှုရလဒ်။ ရေတွင် နစ်မြုပ်သော အရာဝတ္ထုများနှင့် ရေတွင်ပေါ်သော အရာဝတ္ထုများ ခွဲခြားပြောတတ်ရန်။

လုပ်ငန်းစဉ်။ လက်တွေ့ပြုလုပ်ခြင်း

- ဆရာက ကြိုတင်စုဆောင်းထားသည့်ရေတွင် နစ်မြုပ်သော အရာဝတ္ထုများနှင့် ရေတွင်ပေါ်သော အရာဝတ္ထုများကို စာပွဲပေါ်တွင် တင်ထားပါ။ (ကျောက်ခဲ၊ ပန်းပွင့်၊ သစ်ရွက်၊ စက္ကူ၊ စက္ကူလှေ၊ ဖော့၊ ကော်ဖီမစ်အိတ်ခွံ၊ ခဲဖျက်၊ ပဲစေ့.... စသည့်)
- ကလေးများအား စားပွဲပေါ်တင်ထားသောပစ္စည်းများထဲမှ မည်သည့် အရာဝတ္ထုများသည် ရေတွင်ပေါ်ပြီး မည်သည့်အရာဝတ္ထုများသည် ရေတွင် နစ်မြုပ်သည်ကို ကြိုတင်ခန့်မှန်းပြောပါစေ။
- ကလေးများခန့်မှန်းချက် မှန်/မမှန် လက်တွေ့လုပ်ကြည့်ရအောင်ဟု ပြောပါ။
- အုပ်စုတစ်စုစီအား မိမိတို့ရှေ့ရှိ ရေဇလုံတွင်ပေးထားသော အရာဝတ္ထုများကို တစ်ခုစီထည့်ကြည့်ပါစေ။
- အုပ်စုအားလုံး လက်တွေ့လုပ်ဆောင်ပြီးပါက မည်သို့တွေ့ရှိရသည်ကို ပြောပါစေ။
- ဆရာက ပေါ့သော အရာဝတ္ထုများသည် ရေတွင်ပေါ်နိုင်ပြီး ကျောက်ခဲကဲ့သို့ လေးသောအရာဝတ္ထုများသည် ရေတွင်နစ်မြုပ်သည်ကို ပြောပြပါ။



DBE BOX

## အပိုင်း ၇။ အခန်း(၅)အတွက် မိမိကိုယ်ကိုအကဲဖြတ်ခြင်း

**မင်္ဂလာပါ-**

အခန်း(၅) ပြီးစီးသွားပြီဖြစ်သည်။ သင်ကောင်းစွာသင်ယူခဲ့ခြင်း ရှိ/မရှိ သိရှိရန် အားလပ်ချိန်တွင် မိမိကိုယ်ကို အကဲဖြတ်ပါ။


**ဖတ်ပြီးစဉ်းစားပါ။**

ပေးထားသော မေးခွန်းများကို အလွယ်တကူဖြေနိုင်ပါသလား။ ဖြေနိုင်သည်ဆိုလျှင် သင်ကောင်းစွာ လေ့လာသိရှိသွားပြီဖြစ်သည်။

၁။ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာခြင်းနယ်ပယ်အတွက် သင်ယူမှုလုပ်ငန်းတွေက ဘာတွေလဲ။

၂။ စာရိတ္တ၊ မိတ္တနှင့် စိတ်လှုပ်ရှားမှုဆိုင်ရာဖွံ့ဖြိုးတိုးတက်ခြင်းနယ်ပယ်အတွက် သင်ယူမှု လုပ်ငန်းတွေက ဘာတွေလဲ။

၃။ အပြန်အလှန် ပြောဆိုဆက်သွယ်ခြင်းနယ်ပယ်အတွက် သင်ယူမှုလုပ်ငန်းတွေက ဘာတွေလဲ။

၄။ သင်္ချာဆိုင်ရာအခြေခံများကို စူးစမ်းလေ့လာခြင်းနယ်ပယ်အတွက် သင်ယူမှုလုပ်ငန်းတွေက ဘာတွေလဲ။

၅။ အနုပညာရသခံစားခြင်းနှင့် ဖန်တီးခြင်းနယ်ပယ်အတွက် သင်ယူမှုလုပ်ငန်းတွေက ဘာတွေလဲ။

၆။ ပတ်ဝန်းကျင်လောကကို သိရှိနားလည်ခြင်းနယ်ပယ်အတွက် သင်ယူမှုလုပ်ငန်းတွေက ဘာတွေလဲ။

အောက်ပါမေးခွန်းများကို ဖြေဆိုနိုင်မှသာ သင်သည် ကောင်းစွာပြန်လည်အသုံးချခဲ့ပြီး ဖြစ်သည်-

၇။ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာခြင်းနယ်ပယ်ဆိုင်ရာ သင်ယူမှုလုပ်ငန်းတွေကို လုပ်ဆောင်ပေးခဲ့နိုင်ပါသလား။

၈။ စာရိတ္တ၊ မိတ္တနှင့် စိတ်လှုပ်ရှားမှုဆိုင်ရာဖွံ့ဖြိုးတိုးတက်ခြင်းနယ်ပယ်ဆိုင်ရာ သင်ယူမှုလုပ်ငန်းတွေကို လုပ်ဆောင်ပေးခဲ့နိုင်ပါသလား။

၉။ အပြန်အလှန်ဆက်သွယ်ပြောဆိုခြင်းနယ်ပယ်ဆိုင်ရာ သင်ယူမှုလုပ်ငန်းတွေကို လုပ်ဆောင်ပေးခဲ့နိုင်ပါသလား။

၁၀။ သင်္ချာအခြေခံကို စူးစမ်းလေ့လာခြင်းနယ်ပယ်ဆိုင်ရာ သင်ယူမှုလုပ်ငန်းတွေကို လုပ်ဆောင်ပေးခဲ့နိုင်ပါသလား။

၁၁။ အနုပညာရသခံစားခြင်းနှင့် ဖန်တီးခြင်းနယ်ပယ်ဆိုင်ရာ သင်ယူမှုလုပ်ငန်းတွေကို လုပ်ဆောင်ပေးခဲ့နိုင်ပါသလား။

၁၂။ ပတ်ဝန်းကျင်လောကကို သိရှိနားလည်ခြင်းနယ်ပယ်ဆိုင်ရာ သင်ယူမှုလုပ်ငန်းတွေကို လုပ်ဆောင်ပေးခဲ့နိုင်ပါသလား။

အထက်ပါမေးခွန်းများကို သင်ရိုးသားစွာလုပ်ဆောင်နိုင်ခဲ့သည်ဟု ဖြေနိုင်ပါမည်လား။ ဖြေနိုင်ပါက သင်ကောင်းစွာ လက်တွေ့အသုံးချပြီးဖြစ်ပါသည်။

သင်ကောင်းစွာလေ့လာသိရှိသွားပြီဆိုလျှင် အခန်း(၆) သို့ဆက်လက်သွားပါ။ အကယ်၍ အချို့အချက်များနှင့်ပတ်သက်၍ မရှင်းလင်းသေးပါက အခန်း(၅) ကို သင်၏လုပ်ဖော်ကိုင်ဖက်များနှင့်အတူ ထပ်မံလေ့လာပါ။ သို့ရာတွင် အောက်ပါလုပ်ငန်းများကို ကိုယ်ပိုင်အားလပ်ချိန်တွင် ကြိုးစားပြုလုပ်ပါ-

- မရှင်းလင်းသေးသည့်အပိုဒ်များကို ပြန်ဖတ်ပါ။
- သင်၏ မြို့နယ်အတွင်းရှိ KG (သူငယ်တန်း) ဆရာ၊ဆရာမများဆိုင်ရာ သင်တန်းတက်ပြီး သူများကို မေးမြန်းဆွေးနွေးပါ။

---||---

DBE BOX